ဟံသာဝတီ-ကမ္မဋ္ဌာန်းတိုက်

ကျေးဇူးရှင် မဟာနာယက ဆရာတော်ဘုရားကြီး
ဟောကြားတော်မူအပ်သော

# ကိုယ်တွေ့ဝိပဿနာ

# ရှာပုံ

တတိယ နှိပ်ခြင်း

---

အာစရိယ-သေဝက သမဂ္ဂ အကျိုးတော်ဆောင်

အရှင် ဓမ္မာနန္ဒ
စီစဉ်ရေးသားသည်

တဆင့်ကူးယူပုံနှိပ်ခွင့်မပြု

၁၃၂၅-ခုနှစ်၊ တန်ခူးလ။

ဣန္ဒာသယ ပိဋကတ်စာပုံနှိပ်တိုက်
အမှတ် ၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

၁၉၉၈၅

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ တပည့်
ဒလ–ပျော်ဘွယ်ကြီးရွာကမ္မဋ္ဌာန်းဆရာကြီး ဆရာသက်၏တပည့်များ
စတင် တည်ထောင်သော

ဗုဒ္ဓသာသန ပဋိပတ္တိသာသနာပြု အဖွဲ့ချုပ်ကြီး၏

မဟာနာယက ကျေးဇူးရှင်
" ရှမ်းရွာ–စင်ပြွမ်းကုန်း " ဆရာတော်ဘုရားကြီး
ဟောကြားတော်မူအပ်သော

# ကိုယ်တွေ့ဝိပဿနာ
# ရှာပုံ

---

အာစရိယ သေဝက သမဂ္ဂ အကျိုးတော်ဆောင်

အရှင် ဓမ္မာနန္ဒ


ရေးသား စီစဉ်အပ်သည်


တတိယ နှိပ်ခြင်း

အုပ်ရေ– ၅၀၀၀။

၁၃၂၄–ခုနှစ်၊ တန်ခူးလ။

ရန်ကုန်မြို့  ၁၁၃၊ ၂၄-လမ်း
ဂုဏ္ဍဿသယစာပုံနှိပ်တိုက် ယာယီမှတ်ပုံတင် အမှတ်-၀၅၈၃ ဖြင့်
ထုတ်ဝေပါသည်။




ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ပုံ

ရန်ကုန်မြို့၊ ဟံသာဝတီ ကမ္မဋ္ဌာန်းတိုက်

ဗုဒ္ဓသာသန ပဋိပတ္တိ သာသနာပြု အဖွဲ့ချုပ်ကြီး၏

မဟာနာယက တရားပြဆရာတော် ဖြစ်တော်မူသော



ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ပုံတော်



ရန်ကုန်မြို့၊ ဒလပျော်ဘွယ်ကြီးရွာ-ကမ္မဋ္ဌာန်းဆရာကြီး
ဆရာသက်ပုံ

# အမှာ

ရန်ကုန်မြို့ ဟံသာဝတီ ကမ္ဘာ့ဘဝ်တိုက် **ဗုဒ္ဓ သာသန ပဋိပတ္တိ သာသနာပြုအဖွဲ့ချုပ်ကြီး**တွင် "သြဝါဒါစရိယမဟာနာယက" ကျေးဇူးရှင် ဆရာတော် ဘုရားကြီး၏ ကိုယ်စား ဝိပဿနာတရား များကို ဟောကြားပြသ ပေးရသည်ဖြစ်ရာ–

များစွာသော တရား အားထုတ်သူ ယောဂီ ပုဂ္ဂိုလ်ကြီးများက ထို ဆရာတော်ဘုရားကြီး ဟော ပြောချက် တရားများကို လွန်စွာ နှစ်သက်ကြသဖြင့် မိမိတို့နှင့်တကွ ရပ်ဝေးရှိ မကြားနာရသူ ယောဂီများ အတွက် စာအုပ်ငယ်တခု ပြုစုတော်မူပါရန် အကြိမ် ကြိမ် တောင်းပန်လျှောက်ထားကြလေသည်။

ကျေးဇူးရှင် ဆရာတော် ဘုရားကြီး ဟောကြား ချက်များကို **"နိဗ္ဗာန်ဝင်လမ်း ၇–ရက်စခန်း"** ဟူသော အမည်ဖြင့် စာအုပ်များ ပြုလုပ်ရိုက်နှိပ် ထားပြီး ဖြစ်သောကြောင့် ဦးပဥ္စင်းက အကြိမ်ကြိမ် ပင် ငြင်းပယ်ခဲ့သည်။

သို့ရာတွင် နိဗ္ဗာန်ဝင်လမ်း ၇–ရက်စခန်းလို စာသား မများဘဲ ဝိပဿနာအားထုတ် လိုသူများ

လွယ်လွယ် ကူကူ ဖတ်ရှုနိုင်ရန် စာအုပ်ငယ် ကလေး ပြုစုဘို့ မငြင်းသာအောင် တောင်းပန် လျှောက်ထား ကြသဖြင့် ဆရာကြီးဆရာသက်၏ကိုယ်တွေ့ ဝိပဿနာ ရှုပုံကို မူတည်လျက် ကျေးဇူးရှင် ဆရာတော်ဘုရား ကြီး၏ မိန့်ကြားအပ်သည့် အာဘော်အတိုင်း ဤ **"ကိုယ်တွေ့ဝိပဿနာရှုပုံ"** စာအုပ်ငယ်ကလေး ကို ရေးသားထုတ်ဝေလိုက်ရပါကြောင်း။

**အရှင်ဓမ္မာနန္ဒ**

# ကိုယ်တွေ့ဝိပဿနာရှုပုံ

## ရှေးဦး ပြင်ဆင်မှု

ဝိပဿနာ အလုပ်ကို အားထုတ်လိုသော ယောဂီ ပုဂ္ဂိုလ်များသည် ဗောဓိပက္ခိယ တရား၌ လာသော **သဒ္ဓါ,ဝီရိယ, သတိ,သမာဓိ,ပညာ**ဆိုသည့်အတိုင်း ရှေးဦးစွာ ယုံကြည်သော သဒ္ဓါနှင့် ပြည့်စုံရမယ်၊ ဝီရိယနှင့် သတိမှာ မေတ္တာသုတ်ပါဠိတော်၌ မြတ်စွာဘုရား ဆုံးမတော်မူသည့်အတိုင်း **တိဋ္ဌံ စရံ နိသိန္နောဝ သယာနော** ဟူ၍ ဟောတော်မူသော ကြောင့်–

ရပ်သော်ငင်း,
သွားသော်ငင်း,
ထိုင်သော်ငင်း,
လျောင်းသော်ငင်း,

ဣရိယာပုထ် လေးပါးစလုံး မပြတ် သတိ ရှိရမယ်လို့ ဟောတော်မူသဖြင့်–

**ဥပမာ**–မနေ့မနား မီးပွတ်သော ယောကျ်ားကဲ့သို့ အားထုတ်ကြရလိမ့်မယ်၊ လှတိုက်သော–ယောကျ်ားသည် သစ်တုံးကို မျဉ်းကြောင်း မလွဲအောင် အမြဲကြည့်၍ တိုက်သလို ယောဂီ ပုဂ္ဂိုလ်သည် မိမိ၏ (နာသိကဌာန်)နှာသီးဖျားကို အာရုံစိုက်ပြီး မျက်စိအသာမှိတ်

လျက် ထွက်သက်လေကို ထွက်မှန်းသိ ဝင်သက်လေကို ဝင်မှန်းသိပြီး **မှုသနု**နည်းအတိုင်း လက်မချိုး ပုတီး ၁စိပ် မရေမတွက် မစဥ်းစား မကြံစည် မတွေးတော ဘဲနှင့် ဝီရိယ, သတိ, ကို လက်ကိုင်ထားပြီး ဣရိယာ ပုထ် လေးပါးစလုံး အမြဲ အားထုတ်ရမယ်။

## ပေါဋ္ဌိလမထေရ်နှင့် ရှင်သာမဏေငယ်

ပေါဋ္ဌိလမထေရ်ကြီးကို သာမဏေငယ် ဆုံးမသည့်အခါ ''အရှင်ဘုရား ကမ္မဋ္ဌာန်း တရားဟာ မခက်ပါဘူး၊ တောင်ပို့ တခုမှာ ဂယ်–ပေါက် ခြောက်ပေါက်ရှိတယ်၊ ထိုတောင်ပို့မှာ ဖွတ်တကောင် အောင်းနေတာ မိချင်လျှင် ဂယ်ပေါက် ငါး ပေါက်ကိုအလုံပိတ် တပေါက်က နေ စောင့်လျှင် မိပါတယ်'' လို့ သာမဏေငယ်လျှောက်ထားတော့ ပေါဋ္ဌိလ,မထေရ်ကြီးက **'ငါ့ရှင်ငါသိပြီ'** ဆိုပြီး အားထုတ်လိုက်တာ တခဏချင်းနှင့် အရိယာ ဖြစ်သွားတယ်၊ အဲဒါ–ဥပမာဘဲ။

ယခု စိတ်ကို ဖမ်းရမှာ စိတ်ထွက်တဲ့.... တံခါးပေါက်က ခြောက်ပေါက် ရှိတယ်၊ မျက်စိပေါက်, နားပေါက်, နှာခေါင်း ပေါက်, လျှာပေါက်, ကိုယ်ပေါက်, မနောပေါက် အဲဒီ ခြောက် ဒွါရက အမြဲထွက်နေတာ၊ ဒါကြောင့် ဒွါရငါးပေါက် အလုံ ပိတ်ပြီးတော့ တပေါက်က နေ၍ စိတ်ကို ဖမ်းလျှင် အမှန် **သမာဓိ**ဖြစ်နိုင်ပါတယ်။

ယခု ၇–ရက် အားထုတ်သော လုပ်ငန်းမှာ ရှေးဦးစွာ သီလဆောက်တည်၍ ၃–ရက် သမထ အလုပ်ကို ကြိုးစား လိုက်လျှင် အမှန်ပင်သမာဓိရနိုင်ကြပါတယ်၊ ၃–ရက် သမာဓိ ထူထောင်ပြီးလျှင် ဝိပဿနာသို့ ကူးပြောင်းရမယ်၊ သမထ ၃–ရက် အားထုတ်ပြီးလျှင် ဝိပဿနာသို့ ကူးပြောင်းတဲ့အခါ မှာ အောက်ပါအတိုင်း ကမ္မဋ္ဌာန်း တောင်းရပါတယ်။

တုမှာကံဘန္တေ ဇီဝိတံ ပရိစ္စဇာမိ။

၁–ခေါက်။

ဘန္တေ–အရှင်ဘုရား၊ တုမှာကံ– အရှင်ဘုရားတို့အား၊ မမ–အကျွန်ုပ်၏၊ ဇီဝိတံ– အသက်ကို၊ ပရိစ္စဇာမိ– စွန့်လှူပါ၏။

ဘန္တေ သံသာရ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ ဗိဇတ္ထာ ယစ ကမ္မဋ္ဌာနံ ယာစာမိ။

၁–ခေါက်ဆို။

ဘန္တေ–အရှင်ဘုရား၊ သံသာရဝဋ္ဋဒုက္ခတော–သံသရာ ဝဋ်ဆင်းရဲအပေါင်းမှ၊မောစနတ္ထာယစ–ထွက်မြောက် ပါရခြင်းအကျိုးငှာလည်း၊ ဗိဇတ္ထာယစ–အတိတ်က ပါ လာသောဝိဇ္ဇာမျိုးစေ့ရှိခဲ့သော်လည်း၊ အကယ်၍ ဝိဇ္ဇာ မျိုးစေ့မရှိခဲ့သော် ယခုအားထုတ်အပ်သောကမ္မဋ္ဌာန်း သည် ဝိဇ္ဇာ–မျိုးစေ့ အဖြစ်ဖြင့် မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မျက်မှောက် ပြုပါရခြင်း အကျိုးငှာလည်း၊

ကမ္မဋ္ဌာန်-ကမ္မဋ္ဌာန်းကို၊ ယာစာမိ-တောင်းပါ၏။ သြကာသ သြကာသ သြကာသ ကာယကံ ဝစီကံ မနောကံ တည်းဟူသော သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်း နိဗ္ဗာန်ကို မျက်မှောက်ပြုပါရခြင်း အကျိုးငှာ ဘုရား,တရား,သံဃာ,ဆရာ, မိဘ ဂုဏဝုဍ္ဍိ ဝယဝုဍ္ဍိ အစရှိသော ပုဂ္ဂိုလ်တို့အား ရှိခိုးပါ၏၊ ကန်တော့ပါ၏၊ အတိတ် သံသရာမှစ၍ ယခုကျအောင် ပြစ်မှားမိဘူးသော ကာယကံ, ဝစီကံ, မနောကံ,အပြစ်များကိုသည်းခံရန် တောင်းပန်ပါ၏၊ ကန်တော့ပါ၏, မိမိ အပေါ်၌ ပြစ်မှားမိဘူးသော ကာယကံ, ဝစီကံ, မနောကံ အပြစ်များကို သည်းခံပါ၏။

ဤကဲ့သို့ ကန်တော့ပြီးသောအခါ သေချာစွာထိုင်၍ ဒူးပေါ်မှာ လက်တင်လျက် မျက်စိကိုအသာမှိတ်ပြီး ဘုရားသခင် ဆုံးမတော်မူသည့်အတိုင်း မိမိစိတ်၌ ဥပမာပြုရမည်မှာ ပကတိသစ်ပင်သစ်ကိုင်းများကို လေတိုက်သည့်အခါ မငြိမ်မသက် လှုပ်ရှားနေတာ တွေ့ရသလို မြဲလို့လှုပ်သလား မမြဲလို့ လှုပ်သလား စဉ်းစားလျှင် မမြဲလို့လှုပ်နေတယ် ဆိုတာ အမှန်သိရတယ် ဒါဟာ ဥပမာဘဲ။

မိမိ ကိုယ်မှ ဆံပင်က အစ ခြေဖျား အထိ.... လောကလူများက ဦးခေါင်း, ခြေ, လက်, ကိုယ်, စသည်ဖြင့်

ခေါ်ဝေါ်နေကြတယ်၊ ဤလိုခေါ်ဆိုတာ မှန်သလားဆိုတော့ မမှန်ဘူး၊ **သမုတိ သစ္စာ** နယ်ကို လူတွေ သမုတ်ပြီးခေါ် နေကြတာ၊ အမှန်ကတော့ဖြင့် ရုပ်ချည်းသာလျှင် ဖြစ်တယ်၊ ဆံပင်ကအစ ခြေဖျားအထိ ရုပ်တွေချည်းဘဲ၊ ဘယ်ရုပ်တွေလဲ ဆိုလျှင်....

အမာခံ ဓာတ်ကြီးလေးပါးရှိတယ်၊ **ပထဝီ, တေဇော, အာပေါ, ဝါယော** ဤဓာတ်လေးပါးဘဲ ရှိတယ်၊ ပထဝီ ဆိုတဲ့ မြေဓာတ်က မာတဲ့သဘော နူးညံ့တဲ့ သဘောရှိတယ်၊ တေဇောဆိုတဲ့ မီးဓာတ်က ပူတဲ့သဘော အေးတဲ့ သဘော ရှိတယ်၊ အာပေါဆိုတဲ့ ရေဓာတ်က ဖွဲ့စည်းတဲ့သဘော စီးယိုတဲ့သဘောရှိတယ်၊ ဝါယောဆိုတဲ့ လေဓာတ်က လှုပ်ရှားတဲ့ သဘော ထောက်ကန်တဲ့သဘောရှိတယ်၊ အဲဒီရုပ်တရားတွေ ကလွဲ၍ တကိုယ်လုံးမှာ ဘာမှ မရှိဘူး ရုပ်ဘဲရှိတယ်၊ ဒီရုပ် တရားတွေက လောကမှာ ဘာများ သိတတ်သလဲ ဆိုရင် ဘာမှ မသိတတ်ဘူး။

**ဥပမာ**-တောင်ပို့ တခုရှိတယ်၊ အဲဒီတောင်ပို့ ပေါ်မှာ ပဒေါ် ဖူးမြက်တွေပေါက်နေတယ်၊တောင်ပို့ကလဲ ငါ့အပေါ် မှာပဒေါ်ဖူး မြက်တွေပေါက်နေတယ်လို့ သိသလား ဆိုလျှင် လုံးလုံးမသိဘူး၊ ပဒေါ်ဖူး မြက်တွေကလဲ ငါဟာ တောင်ပို့ပေါ်မှာ နေရတယ်လို့ သိသလား ဆိုလျှင် လုံးလုံးကို မသိဘူး၊ ဘာ့ကြောင့် မသိသလဲ

ဆိုလျှင် သူတို့ဟာ ခေတ်လေးပါး ရုပ်ချင်းဘဲ ဘာသိမလဲ။

အဲဒီ ဥပမာလိုဦးခေါင်းကလဲခေတ်လေးပါးရုပ် ဦးခေါင်းပေါ်မှာနေတဲ့ ဆံပင်ကလဲ ခေတ်လေးပါးရုပ်၊ ဒါကြောင့် ဦးခေါင်းကလဲ ငါ့အပေါ်မှာ ဆံပင်တွေ ပေါက်နေတယ်လို့ သိသလား လုံးလုံးမသိဘူး၊ ဆံပင်ကလဲ ဦးခေါင်းပေါ်မှာ တက်ပေါက်နေတယ်လို့ ဆိုတာ သိသလား လုံးလုံးမသိဘူး၊ ဘာ့ကြောင့်လဲ ရုပ်ရုပ်ချင်းဘဲ ဘာသိမလဲ။

ဒီလိုဘဲ လက်သည်း ခြေသည်းတွေကို ကြည့်လိုက်အုံး လက်သည်း ခြေသည်းတွေဟာ အသားစိုင် အသားခဲက ထွက်လာတယ်၊ ဒါပေမဲ့ လက်သည်း ခြေသည်းကလဲအသားစိုင် အသားခဲကို မသိဘူး၊ အသားစိုင် အသားခဲ ကလဲ လက်သည်း ခြေသည်းကို မသိဘူး၊ဘာ့ကြောင့်လဲ ရုပ်ရုပ်ချင်းမို့လို့ မသိတာပေါ့၊ ဒါထက် နည်းကပ်တဲ့ အရေထူ အရေပါးကို ကြည့်လိုက်အုံး၊ ထိကပ်နေပေတဲ့ အရေထူကလဲ အရေပါးကို မသိဘူး၊ အရေပါး ကလဲ အရေထူကို မသိဘူး၊ ဘာ့ကြောင့်လဲ ရုပ်ရုပ်ချင်းမို့လို့ မသိကြဘူး၊ အဲဒီ အတိုင်းဘဲ ရုပ်မှန်က ဘာကိုမှ မသိဘူး မှတ်ရမယ်။

ယခုသိတယ်၊ မြင်လို့သိတယ်၊ ကြားလို့ သိတယ်၊ နံ့လို့ သိတယ်၊ လျက်လို့သိတယ်၊ ကိုယ်နှင့် တွေ့လို့ သိတယ်၊ ကြံလို့

သိတယ်၊ ဒါဘာလဲ သိတာ နာမ်ဘဲ၊ အဲဒီတော့ ယောဂီများ တသက်လုံး မှတ်ထားဘို့က–

ရုပ်သည် ဘာကိုမှ မသိဘူး။

နာမ်သာလျှင် သိတယ်၊

ဒီရုပ်တရား နာမ်တရားတွေဟာ ကောင်းကင်ကျ မိုးဩ ပေါ်ကျ ဒေဝါသိကြွားပြဟ္မာပိဿနိုးတန်ခိုးကြီးတဲ့ ပုဂ္ဂိုလ်တွေ ဖန်ဆင်းလို့ဖြစ်တာမဟုတ်ဘူး "**ကံ, စိတ်, ဥတု, အာဟာရ**" အကြောင်းတရား လေးပါးကြောင့်ဖြစ်ထာ။

**ကံ**ကြောင့်ဖြစ်သောရုပ်,

**စိတ်**ကြောင့် ဖြစ်သောရုပ်,

**ဥတု**ကြောင့် ဖြစ်သောရုပ်,

**အာဟာရ**ကြောင့် ဖြစ်သောရုပ်,

ဤ ရုပ်တရား နာမ်တရားတွေကို မြတ်စွာဘုရားက မမြဲတဲ့ **အနိစ္စ**တရား ဆင်းရဲတဲ့ **ဒုက္ခ**တရား အစိုးမရတဲ့ **အနတ္တ** တရားလို့ ဟောထားတယ်။

ဘုရားဟော ဘယ်တော့မှ မမှားဘူး၊ မလွဲဘူး၊ မှန်တယ် မှန်တာကို ဘယ်လိုသိရမလဲ ဉာဏ်မှသိတယ်၊ ဉာဏ်က ဘယ်က ရမလဲ၊ **သမာဓိ**ရှိမှရမယ်။ ဒါကြောင့် ဦးခေါင်းကအစ ခြေဖျားအထိ ရုပ်သာရှိတယ် ဆိုတာ အာရုံပြုပြီး ဦးခေါင်းမှ ငယ်ထိပ်နေရာ ဒင်္ဂါးမျှပမာကွက်၍ သမာဓိကိုခိုင်မြဲစွာထားပြီး ရှု့တွေလိမ့်မယ်၊ ဘာနှင့်တွေမလဲ ပထဝီဖောဋ္ဌဗ္ဗနှင့် တွေလျှင်

နာကျင် ကိုက်ခဲ တင်းတင်းကြပ်ကြပ် အုံတုံတုံ ခေါင်းကြီး ကိုယ်ကြီး တွေ့တတ်သည်၊ တေဇောဖောဋ္ဌဗ္ဗနှင့်တွေ့လျှင် ပူပူ အေးအေး နွေးနွေး ရှိန်ရှိန် အခိုးထွက်သလိုတွေ့တတ်သည်၊ ဝါယောဖောဋ္ဌဗ္ဗနှင့်တွေ့လျှင် လှုပ်လှုပ်ရွရွ ဒိတ်ဒိတ်စသည်ဖြင့် တွေ့တတ်သည်၊ ဘာကိုဘဲတွေ့တွေ့ ရုပ်ဘဲဆိုတာ မှတ်ထားပြီး အာရုံပြုနေလျှင်တခေါင်းလုံး တကိုယ်လုံး ရုပ်ခဲတတ်တွေ့ ခဏ မစဲ တဖွဲဖွဲဖြစ်ပျက်၍ ဖောက်ပြန်ပျက်ပြီးနေတာ တွေ့လိမ့်မည်၊ **သမာဓိ** ကောင်းလျှင် ကောင်းသလို များများ တွေ့တတ်သည်၊ ယောဂီပုဂ္ဂိုလ်မှာ ငါဘာဖြစ်ပါလိမ့်မလဲဟု အထင် မှားတတ်သည်။

**သတိပြု**–သူ့သဘော သူဆောင်နေသော ရုပ်သဘောတွေ ဘဲဟု အမြင်မှန်ကို နှလုံးသွင်း၍ စွဲမြဲစွာ အားထုတ်ပါလေ၊ သို့သော် တကယ် အမြင်မှန်ကို ကျနစွာပြသ နိုင်သော ဆရာကောင်း လိုလှပါသည်၊ ထိုအခါ ပဋ္ဌမဆင်ခြင်တာက **သမ္မသနဉာဏ်**၊ ရုပ်ကိုတွေ့၍ ဖြစ်မှုန်း ပျက်မှုန်းကို သိတာက **ဥဒယဗ္ဗယ** ဉာဏ်၊ ဥဒယဗ္ဗယ ဉာဏ်တွေ့တာနှင့် မမြဲတဲ့'**အနိစ္စ**' တရား, ဆင်းရဲတဲ့'**ဒုက္ခ**တရား' အစိုးမရတဲ့ '**အနတ္တ**'တရား ကို အမှန်သိပြီဟု မှတ်ယူလေ။

(တကယ်အမှန်သိလိုလျှင် ၇-ရက်နှင့် ပြသ- သင်ကြားစာပေးနေ သေဌာနာမှာ တရားဝင်၍ အားထုတ်စမ်းသပ်ပါလေ)။



# ကိုယ်တွေ့ဝိပဿနာရှုပုံ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**ဒေသနာခန်း** တရားဟောရတာတို့ဆိုက တရားပွဲ သက်သက် မဟုတ်ဘူး။ တရားအားထုတ်တဲ့ ယောဂီများ တရားအားထုတ်တတ်အောင် စိတ်နေ စိတ်ထား သဘောသွား နားလည်အောင် သင်ပေးရတယ်၊ သင်တန်းတက်တဲ့ နေရာ သင်ပေးရတော့ တရားဟောတယ် ဆိုတာက ဒေသနာခန်း အနုသာသနီခန်း တဲ့-နှစ်မျိုးရှိတယ်၊ ဒေသနာခန်းကတော့ အလွယ်သားဘဲ၊ ဒေသနာခန်းက ကျမ်းဂန်မှာ ရှိတဲ့အတိုင်း အမျိုးမျိုးနည်းနာနယတို့နဲ့ ဟောပြောလိုက်လို့ ရှိလျှင် လွယ်ကူပါတယ်။

**အနုသာသနီခန်း** အနုသာသနီခန်း ကျတော့ တကယ် အမှန် ယထာဘူတ ဟုတ်တိုင်းမှန်စွာ အဓိပ္ပါယ် ရသ သဘောသွား နားလည်အောင် ပြောဆိုဘို့ရာ ဖြစ်လေတော့ မလွယ်ဘူး၊ ပြီးတော့လဲ တရားသင်တဲ့ ပုဂ္ဂိုလ်

များက နေ့စဉ်မပြတ် လာတယ်၊ လာတဲ့ပုဂ္ဂိုလ်များ နေနိုင်တဲ့ကာလက ၇-ရက် ၈-ရက် ၉-ရက် အများဆုံး ၁၀-ရက် ၁၂-ရက် စသည်ဖြင့် အဲဒီလို နေသွားတယ်၊ နို-ဒီလူပြန်သွားတော့ နောက်လူ အသစ်ဘဲလာပြန်တယ်၊ လူသစ်တွေ ကျတော့ နားမလည် လည်အောင် အရင်းကမှုတည်ပြီးတော့ ပြရတယ်၊ သည်တော့ တရားနာ တချို့တချို့ ပုဂ္ဂိုလ်ကဘယ်လိုပြောသလဲ၊ တရားနာရတာတော့ ကောင်းပါရဲ့ ထပ်ခါထပ်ခါ တရားက ထပ်နေတယ်လို့-ပြောကြတယ်၊ မှန်တယ်သူတို့ပြောတာ၊တရားထပ်တာက ထပ်ချင်လို့ မဟုတ်ဘူး၊ ဒီနောက်လာအားထုတ်တဲ့ ပုဂ္ဂိုလ်များ အဓိပ္ပါယ် သဘောသွား နားလည်ပါစေလို့ မူလအခြေအမြစ်ကို ပြရတယ်။

**ဥပမာ**-ပရိယတ္တိ သင်နည်းကို သင်ကြစို့ ဆိုလျှင် ကကြီး ခ-ခွေး အက္ခရာ အလုံးစုံနားမလည်ဘဲနဲ့ကကြီးရေကကို-သင်ပြ, သ,လို့ မတတ်နိုင်ဘူး၊ ကကြီး အက္ခရာ ခခွေးအက္ခရာ စသည်ဖြင့် အက္ခရာ သဘော သွားတွေ အဓိပ္ပါယ် နားလည်ပြီ ဆိုမှဖြင့် အားလုံး မှတ်မိမှ သုံးဆဲ့သုံး သင်ပုံးကို အလုံးစုံသင်ကြားရတယ်၊အဲဒီလို သင်ပြီးတော့ မင်္ဂလသုတ် တခါတက်၊ ပရိတ်ကြီး စသည်ဖြင့် ပရိယတ္တိနည်းနဲ့ သင်ကြား သွားရတယ်၊ နောက်လာဝင်တဲ့ ပုဂ္ဂိုလ်ကို ဒီလိုဘဲ ရှေ့ဆက် သင်

သွားလို့ မရဘူး၊ နောက်လာဝင်တဲ့ ပုဂ္ဂိုလ်ကို ကကြီး ခခွေးက ပြန်သင်ရတာဘဲ။

အဲ-ဒီဥပမာလိုဘဲ ခုဒီတရားပြတဲ့ နေရာဌာနမှာ နောက် လူများ နားလည်အောင် လာရောက်တဲ့ ပုဂ္ဂိုလ်များ သိကြား အောင် ဆိုပြီးတော့ အရင်းကစ, စ,ပြရတယ်၊ အဲဒါကြောင့် ပဌမ-နားလယ်ဘို့ အချက်က ရုပ်နဲ့နာမ် အမှန်သိဘို့လို့ ဒါ- အရေးကြီးတာဘဲ၊ ရုပ်နာမ်ကို သိဘို့ပြရတယ်၊ ပါဠိတော်က တော့ ဒီပါဠိဘဲ အဲဒီပါဠိ၏ အဓိပ္ပါယ်သဘော သဘာဝ နား မလည်တော့ မသိကြဘူးပေါ့။

အနိမ္ဓာန ဂတာ ဘဂ္ဂါ,
ပုဉ္ဇော နတ္ထိ အနာဂတေ၊
နိဗ္ဗတ္တာ ယေပိ တိဋ္ဌန္တိ,
အာရဂ္ဂေ သာသပူပမာ။

မဟာနိဒ္ဒေသ

ဘဂ္ဂါ-ဖြစ်ပေါ် လာပြီးနောက် လျင်မြန်စွာ ချုပ် ပျောက်ကြကုန်သော နာမ်ရုပ် တရားနှစ်ပါးတို့သည်၊ အနိမ္ဓာနဂတာ-ငြိမ်းလေပြီးသည့် ဆီမီးပမာ သိုမှီးရာ မရှိသောအဖြစ်သို့ ရောက်ကြလေကုန်ပြီ၊အနာဂတေ- မဖြစ်သေးမီ အနာဂတ် အခါကာလ၌၊ ပုဉ္ဇော-လာ၍ အသစ် ဖြစ်ဘို့ရာ အပုံအစုသည်၊ နတ္ထိ-မရှိနှင့်ချေ၊ ယေပိ-အကြင်ပစ္စုပ္ပန် ခန္ဓာနာမ် ရုပ်တို့သည်လည်း၊

နိဗ္ဗတ္တာ–ဖြစ်ကြကုန်သည် ဖြစ်၍၊ တိဋ္ဌန္တိ–တည်ကြကုန်၏၊ တေပိ–ထိုပစ္စုပ္ပန် ခန္ဓာနာမ်ရုပ်တို့သည်လည်း။ အာရဂ္ဂေ – အပ်သွား ပွတ်ဆောက်ဖျား၌၊ သာသပူပမာ–ဒလစပ် တင်အပ် ကျအပ်သော မုံညှင်းစေ့နှင့်တူသော ပမာရှိကုန်သည်ဖြစ်၍၊ တိဋ္ဌန္တိ–တည်ကြကုန်၏။

အဲ–ဒီလိုဂါထာကို ရွတ်လိုက်ဘယ်၊ ဒီဂါထာဟာ သူကျက်ထားလဲရတယ်၊ ငါကျက်ထားလဲရတယ်၊ အဲဒီပါဠိတော် ဘယ်သူဟောသလဲ ဆိုတော့၊ ဘုရားဟောတာ၊ ဘုရားသခင် ကိုယ်တော်မြတ် ဟောတော်မူတဲ့ ဒေသနာ၏ အရ နားလယ်ဘို့၊ အားထုတ်တတ်ဘို့၊ သင်ကြားတဲ့လမ်းဘဲ၊ ဘဂ္ဂါ–ဖြစ်ပေါ်လာပြီးနောက် လျင်မြန်စွာ ချုပ်ပျောက်ကြကုန်သော နာမ်ရုပ်တရားနှစ်ပါးတို့သည် အဲဒီကထဲကစပြီး နားမလယ်ဘူး၊ ဒီပါဠိရှောက်ပြီးတော့ အနက်ကုန်အောင်ရွတ်၊အဓိပ္ပါယ်တွေ ရှောက်ပြော သေသာ သေရော ဘယ်တော့မှ နားမလယ်ဘူး။ အဲဒီအစက သင်ကြားထားမှ ဒီပါဠိ နားလယ်မယ်။

ကိုင်း ဖြစ်ပေါ် လာတယ်။ မြန်မြန်ကြီး ချုပ်ပျောက်သွားတယ်၊ ဖြစ်ပေါ် လာတာက ဘယ်သူလဲ၊ ချုပ်ပျောက်သွားတာက ဘယ်သူလဲ၊ နာမ်ရုပ် တရားနှစ်ပါး၊ အဲဒီနာမ်ရုပ်ကို မသိ ဘဲနဲ့ ဒီပါဠိတွေ ရှောက်ရွတ် ဒီအနက် တွေရှောက်ပေး အဓိပ္ပါယ်တွေ ပြောတောင် နားမလယ်ဘူး၊

ဘာပြုလို့လဲ၊ ရုပ်နာမ်မှ မတွေ့တဲ့သူ ဟောနေလို့ ဘယ့်နှုလုပ် နားလယ်မလဲ၊ ဘယ်လိုနည်းနဲ့မှနားမလယ်ဘူး၊ သူမှ ရုပ်နာမ် မတွေ့ဘဲ၊ အဲဒီတော့ ဒီလိုတရားအားထုတ်လို့ လူစိမ်းတွေကို မဆိုထားနဲ့အုံး၊ ပိဋကတ်အရာမှာ ကြမ်းကျင်တဲ့ ပုဂ္ဂိုလ် ကောင်း အရှင်မြတ်တွေတောင်မှ ရုပ်နာမ်နှစ်ပါးကို ယထာ ဘူတ ကျကျနန အမှန်အကန် ကေန်တိတိ မသိလျှင် စာတတ် ထာရှိတာဘဲ၊ နို-ဒီစာမဟုတ်လို့လား၊ ဟုတ်တယ်၊ ဟုတ်ပေတဲ့ မသိဘူး၊ မသိလို့ ခက်နေကြတာပေါ့၊ အဲ-ခု ဒီမှာပြတာ ဒီတရားပြတာ၊ ဖြစ်ပေါ်လာတာက ဘယ်အချိန်၊ ချုပ်ပျောက် သွားတာက ဘယ်အချိန်။ ကိုယ်တိုင်သိဘို့ ဖြစ်ပေါ်လာတယ် ဆိုတဲ့ ရုပ်ကလာပ်ကလေးတွေကအဆင့်ဆင့်အသစ်အဟောင်း အမြဲတမ်း ပြောင်းလဲပြီးတော့ နေတယ်၊ ရုပ်ကလာပ် ကလေး တွေ ဖြစ်ပေါ်လာတယ်၊ ချုပ်ပျောက်သွားတယ် ဖြစ်တယ်ဆို တာ ဘယ်လိုဖြစ်သလဲ မှန်းဆလို့မရဘူး၊ သို့သော်လဲ ပြောကြ တာပေါ့၊ ကျမ်းဂန် အရတွေကတော့ မျက်စိနဲ့ အဆင်းနဲ့ မြင်သိလုံးလေး ပေါ်လာလျှင် မြင်သိ အသစ် ပြောင်း အဟောင်းပျက် ရုပ်နာမ်ဖြစ်ပျက်ဘဲ၊ ဟန်အကျသား၊ ဒါလဲ ဘဲ နားနဲ့ အသံကြားသိသုံးပါး၊ ရုပ်နာမ်နှစ်ပါး ကြားသိ အသစ်ပြောင်း အဟောင်းပျက်၊ နှာခေါင်းနဲ့ အနံ့နံသိသုံးပါး နံသိအသစ်ပြောင်း အဟောင်းပျက် ဖြစ်ပေါ်လာပြီး ချုပ် ပျောက်ပုံ၊ လျှာနဲ့အရသာ စားသိသုံးပါး စားသိအသစ်

ပြောင်း အဟောင်းပျက်၊ ကိုယ်နဲ့အတွေ့တွေ့သိသုံးပါး တွေ့သိအသစ်ပြောင်း အဟောင်းပျက်၊ မနေခဲ့ သဘော ကြံသိသုံးပါး ကြံသိအသစ်ပြောင်း အဟောင်းပျက်၊ အဲ-တာမှန်တာပေါ့၊ စာကမလွဲဘူး၊ ကေန်မှန်တယ်၊ သို့သော် ဝိပဿနာဉာဏ်ရအောင် လုပ်ပါဆိုတော့ လယ်တီဆရာတော်ဘုရားကြီးအမိန့်ရှိသလို ရေကြည်ငါးများ ဖမ်းရသလိုဘဲ၊ မလွယ်ဘူးတဲ့။ ရေကြည်ငါးဘမ်းရတယ်ဆိုတာ ရေထဲကြည့်လိုက်တော့ငါးတွေဘော့ အမြင်သား၊ ဘမ်းတဲ့နေရာကြတော့ မလွယ်ဘူး အခုလဲ....

စက္ခုံစ ပဋိစ္စ ရူပေစ,
ဥပ္ပဇ္ဇတိ စက္ခု ဝိညာဏံ၊
သောတဥ္စ ပဋိစ္စ သဒ္ဒေစ,
ဥပ္ပဇ္ဇတိ သောတဝိညာဏံ။

စာလေးတော့ အဟုတ်သား၊ ဟုတ်ပြီးတော့ မမြင်ဘူး၊ မြင်ဘို့ အတော်ခဲယဉ်းတာ၊ အဲဒီတော့ အခု အင်မတန်မှ နေလို လလို ထွန်းလင်းတဲ့ မြန်မာနိုင်ငံမှာ အလွန်ကြီးကျယ် ကျော်စောသွားတဲ့ လယ်တီ ဆရာတော် ဘုရားကြီးဟာ မိမိကိုယ်တိုင် ပိဋကတ် သုံးပုံတို့ကို သင်ကြားလို့ ပရိယတ္တိနည်းနဲ့ ယထာဘူတအမှန် အခိပ္ပါယ်ရသ သဘာဝ ကိုယ်တိုင်သိရုံနဲ့ မပြီးသေးဘူး၊ ကိုယ်တိုင် မြတ်စွာဘုရားဆုံးမတော်မူတဲ့အတိုင်း သီလ,သမာဓိ,ပညာဆိုတဲ့သိက္ခာသုံးပါးနှင့်

သီလမဂ္ဂင်သုံးပါး သမာဓိမဂ္ဂင်သုံးပါးပညာမဂ္ဂင်နှစ်ပါးဆိုတဲ့ မဂ္ဂင်ရှစ်ပါးတရားတို့ကိုသူကိုယ်တိုင်အားထုတ်တောရဆောက် တည်ပြီး မနေမနား ကြိုးစားပြီး အားထုတ်တာ၊ သူကိုယ်တိုင် တွေ့တော့မှ ဒီတရားဟာ မှန်ပြီ ဒီနည်းလမ်းဟာ ဟုတ်ပြီဆိုပြီး ကျမ်းအစောင်စောင် ထုတ်လိုက်ထာ ကျမ်းပေါင်း ငါးဆယ် ကျော်ရှိတယ်၊ ဝိပဿနာနည်းနဲ့ ရှင်းပြီးတော့ ဒီပနီတွေ ထုတ် လိုက်တာ နည်းတာမဟုတ်ဘူး၊ အဲသည်လောက် ဆရာတော် ဘုရားကြီးဟာ လေးလေးစားစားနဲ့ ကိုယ်တိုင် အားထုတ်လို့ တွေ့သွားကာမှ တဆင့် သည်ကပုဂ္ဂိုလ်တွေ အကျိုးများဘို့ ရှေးဘုန်းရှေးကံ ပါရမီသန့်တဲ့ ပုဂ္ဂိုလ်တွေ တွေ့သင့် တွေ့ထိုက် တဲ့ပုဂ္ဂိုလ်တွေ တွေ့ကြဘို့ဆိုပြီးတော့ တို့ဒလ ပျော်ဘွယ်ကြီးရွာ မှ **ဆရာသက်ကြီး** ကိုယ်တိုင် ပစ္စည်းဥစ္စာတွေ အကုန်အကျခံ ဆင်းရဲဒုက္ခခံပြီးတော့ (၁၀)နှစ်လုံးလုံး သင်လာခဲ့ရတယ်၊အဲဒီ ဆရာတော်ဘုရားကြီးထံမှာနိသျှည်းကို ခံပြီးသင်ရတာတခြား မဟုတ်ဘူး၊ ဆင်းရဲလေလေ သံဝေရရ တကယ် ဆင်းရဲ ဘေးနဲ့ တွေ့ကြုံတဲ့အခါမှာ ဆင်းရဲကင်းတဲ့ အရပ်ဌာန သိမြင် လိုတဲ့ဇောနဲ့ ဆရာသက်ကြီးဟာ ဒီအခါတုန်းက မကြီးသေး ပါဘူး သူလဲ ခပ်ငယ်ငယ်ပါဘဲ သမီးကလေးနဲ့ တူမကလေး တယောက် မျက်စိအောက်တွင် လတ်လတ်လောလော သေ ကြေပျက်စီးသွားတဲ့အခါ ကျတော့ တခါထဲ ယူကြုံးမရ အင် မတန်ဆင်းရဲခြင်း တည်းဟူသော ဒုက္ခဝေဒနာကြီး ခံစားရ

တယ်၊ အလွန်ချစ်သကိုး၊ သို့းကလေးလဲချစ်၊ တူမကလေးလဲ ချစ် နှစ်ယောက်စလုံးမျက်စိအောက်တွင် ပက်ပင်း သေသွားရတယ်၊ယူကြုံးမရ ထောက်ရာတည်ရာမရအောင်ဖြစ်သွားတယ်။

အဲဒီတော့မှ လောကကြီးမှာ ဘုရားသာသနာ ကြုံပါလျက်နဲ့ ဒီလောက်တောင် ပူပန်ခြင်း သောကဖြစ်ရတာ ငါ တရားမရှိလို့ဘဲလို့ဆိုတာ သူ့ဟာသူသိတာဟာ ပညာရှိကြီး ပေါ့၊တကယ်ပညာရှိကြီး အစစ်ဘဲ၊အမှန်ကိုတွေးမိတာ၊အဲဒီမှာ ထွက်ပြီး ပညာရှာတာ ပဌမ သစ်ချတောင် တောရကို သွားတယ်၊ သစ်ချတောင် သွားပြီး အားထုတ်၊ သစ်ချတောင်မှ နေပြီးတဖန် သိမ်တောင်တောရ၊ အဲဒီလို တောရ ကျောင်း တွေမှာ လိုက်ပြီး တရားရှာတယ်၊ ဘယ်မှ မတွေ့ဘူး၊ နောက်ဆုံး လယ်တီ ဆရာတော် ဘုရားကြီးဆီ ရောက်လို့ ဆယ်နှစ်လုံးလုံး သင်ကြား တော့မှ ယထာဘူတ အမှန်ကျမ်းဂန်နဲ့ အလျော်။ "ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗဉ္စ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ" ဆိုတဲ့ အဇ္ဈတ္တိက သန္တာန်မှာ အမှန် တွေ့ ကောင်းတဲ့ တကယ် အစစ်အမှန် တရားကို တွေ့တာ၊ ကာယ ပသာဒရုပ် ဖောဋ္ဌဗ္ဗရုပ် ကာယဝိညာဏ်ဖြစ်ပေါ်လာပြီးနောက် လျင်မြန်စွာ ချုပ်ပျောက်ကြကုန်သော နာမ်ရုပ်နှစ်ပါးဆိုတော့ အဲဒီလို ပါဠိတော်အရ ဆရာတော်ကြီးလဲ သူကိုယ်တိုင်တွေ့၊ သူ့တပည့် ဆရာသက်ကြီးကိုလည်း နည်းနာနယပြ၊ ဆရာ သက်ကြီးကလဲ မေတ္တာရှေ့သွားပြုပြီး ၁၂၈၈ ခုနှစ်လောက်က

စတင်၍ မိမိစီးပွားတွေ ပစ္စည်းတွေအကုန်ခံ အလှူအတန်း ပေးပြီးတော့ နောင်လူ နောက်သားတွေ သိအောင်ဟဲ့ ဆိုပြီး ပြသခဲ့တယ်။

ဘယ်လောက် ပြခဲ့ရတယ်ထင်သလဲ၊ ခုလို မသက်သာဘူး လူတယောက်ကို တရားပြရမဲ့ အကြောင်းကို လူတယောက် ဘယ်လောက်ပေးရသလဲ ဆိုတော့ ငွေ ၂- ဆန်တပြည်ပေးရ တယ်၊ ဆန်တပြည် ငွေ ၂- ၇-ရက်အတွင်း စားနပ်ရိက္ခာ အပြည့်အစုံ ပေးပြီးတော့ ဒီတရားထူးကြီးကို မရ ရအောင် သင်ပေးရတယ်၊တပည့်က ဆရာကို ဆရာစား မပေးရတဲ့အပြင် ဆရာကိုက တပည့်ကို ပစ္စည်းပေးပြီးတော့ သင်ပေးရတယ်၊ အဲဒီလောက် ကြိုးစားခဲ့တာ၊ အဲ-ကြိုးစားခဲ့တဲ့အတွက် အခု ဒီတရားကြီးဟာ မြန်မာပြည်ကြီးမှာဖြင့် အတော်ဘဲ နှံ့စပ် သွားပြီ၊နှံ့စပ်သွားတော့ဒီ-တရားဟာ မှန်တယ်မမှန်ဘူး ဟုတ် တယ် မဟုတ်ဘူးဆိုတာ ယောဂီများကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင် သိသွားအောင်လို့ နည်းလမ်းကို ညွှန်ပြတယ်၊ ကြည့်လေ "ဘဂ္ဂါ-ဖြစ်ပေါ်လာပြီးနောက် လျင်မြန်စွာ ချုပ်ပျောက် ကြကုန်သော နာမ်-ရုပ်တရား နှစ်ပါးတို့သည်၊ "ကိုင်း-နာမ် ရုပ်တရား နှစ်ပါးကို အခု ယောဂီများ ရှာခိုင်းတယ် ရှာလိုက် ကြပြီ၊ ခန္ဓာကိုယ် အဇ္ဈတ္တိက သန္တာန်မှာ ဦးကျောင်းက ခြေဖျားအထိ တကိုယ်လုံး-သမုတိသစ္စာနယ်က လူတွေခေါ် တဲ့ ဦးကျောင်း,ခြေ,လက်,ကိုယ် အမျိုးမျိုးခေါ်တယ်။

မြတ်စွာဘုရားက ကိုယ်မရှိ ခေါင်းမရှိ ခြေမရှိ လက်မရှိ ဘာတွေရှိလဲ ရုပ်တွေရှိတယ်တွေအောင်ရှုစမ်းမလွယ်ဘူးပေါ့။ မလွယ်ဘူး တွေ့အောင်ရှုဘို့ ဘာမှ ရမလဲဆိုတော့ ဝီရိယလဲ ရှိရမယ် သတိလဲ မြဲရမယ် ဝီရိယ, သတိ, သမာဓိနဲ့ ပြည့်စုံမှ ပညာစခန်းမှာ အမှန် ရုပ်ကလာပ်တွေ အဆင့်ဆင့် အသစ်အဟောင်း ပြောင်းလဲနေတာ တွေ့ရမယ်ပေါ့၊ အဲဒီလို ရုပ်ကလာပ် အပေါင်းတို့သည် အဆင့်ဆင့် အသစ်အဟောင်း ပြောင်းလဲနေတာ ခု–ယောဂီများကိုယ်တိုင်တွေ့ပေါ့။ ပြောသံကြား မဟုတ်ဘူး၊ အဲဒီ–လှုပ်လှုပ်ရွရွ ရှိန်ရှိန်သုတ်သုတ်ကို တွေ့ပြန်တော့လဲ လူတိုင်း အဓိပ္ပါယ် ရသနဲ့ သဘာဝ နားလည်မလား ဆိုတော့ မလည်ဘူး၊ ဘာဖြစ်လို့မလည်သလဲ၊ ကြားမှ မကြားဘူးဘဲ မကြားဘူးလို့ နားမလည်တာ၊ အဲဒီတော့ မကြားဘူးတဲ့ ပုဂ္ဂိုလ်ကို ကြားဘူးအောင် နားမလည်တဲ့ ပုဂ္ဂိုလ်ကို နားလည်အောင် တခါထပ်ပြောရတယ်၊ ရှိန်ကနဲ ဆိုတော့ တေဇော ဖောဋ္ဌဗ္ဗရုပ် အဋ္ဌကလာပ်ရုပ် ၈–ပါးရှိတာကို ပထဝီ, တေဇော, အာပေါ, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ အဋ္ဌကလာပ်ရုပ်၊ မျက်တောင်တခပ် ကုဋေပေါင်း ငါးထောင်ကျော်ဖြစ်တယ် ပျက်တယ်၊ ဖြစ်ပျက်မစဲ ခန္ဓာထဲမှာ အမြဲရှိတယ် ဆိုတာ ကြည့်လိုက်တော့ ရှိန်ကနဲ တွေ့တဲ့လူလဲ ရှိတယ်၊ အေးစက်အေးစက် တွေ့တဲ့ လူလဲရှိတယ်၊ လှုပ်လှုပ်ရွရွ တွေ့တဲ့လူလဲရှိတယ်၊ ဒိတ်ဒိတ် ဒိတ်ဒိတ်နဲ့ တွေ့တဲ့ လူလဲရှိတယ်၊

သာသနာ့ဘောဓိတွန်းကားပြန့်ပွားရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာ့အေး-ရန်ကုန်။



နာကျင်ကိုက်ခဲ တွေ့တဲ့လူလဲ ရှိတယ်၊ အတွေ့ချင်းမတူကြဘူး ပေါ့၊ ဘယ်တူလိမ့်မလဲ၊ ကံ၊ စိတ်, ဥတု, အာဟာရ, အကြောင်း တရား လေးပါး အားပေးမှုက ဒီပထဝီ လွန်ကဲတဲ့ အာဟာရ အားပေးတော့ ပထဝီ ဖြစ်တာပေါ့၊ တေဇော လွန်ကဲတဲ့ အာဟာရနဲ့ အားပေးတော့ တေဇော လွန်လာတာပေါ့၊ ဝါယောလွန်ကဲတဲ့ ဓာတ်သဘာဝက အားပေးတော့ ဝါယော လွန်ကဲတာပေါ့၊ အဲဒါကြောင့် ကံ၊ စိတ်, ဥတု, အာဟာရ, အကြောင်းတရား လေးပါးပြုပြင်ခြင်းကြောင့် ဖြစ်ပေါ်လာ ရတဲ့ ရုပ်ကလာပ်ကလေးတွေထဲမှာ ပထဝီ လွန်ကဲပါတယ်၊ တချို့တေဇော လွန်ကဲပါတယ် နို့ဒီပြင် ရုပ်တွေကော ပါတယ်၊ အတူတူဘဲ၊ သဟဇာတ ပစ္စည်းဘဲ အဝိနိဗ္ဘောဂ ခွဲခွါလို့မရဘူး၊ ဒီရုပ်တွေက ခွဲခွါမရပေတဲ့လဲ၊ တို့ခဏခဏ ပြောတဲ့ ဥပမာ လိုပေါ့။

**ဥပမာ**-ဟင်းချက်တဲ့အခါ ကာလကျတော့ ဟင်းချက်တာ တမယ်ထဲနဲ့ မပြီးဘူး၊ ရေလဲ ပါတယ်၊ ဆီလဲပါတယ် ကြက်သွန်ပါတယ် ငရုတ်ပါတယ် ဆားပါတယ်အမျိုး မျိုးပေါ့၊ ဟင်းရွက် ဟင်းသီး ဟင်းချိုခပ်မှုစ၍ အကုန် လုံးပါတယ်၊ အဲဒီလို မီးဖိုပေါ်မှာတင်ပြီး ကျိုလိုက် တော့သူတို့သဘာဝ ဓာတ်ထဲကအာဟာရ ရုပ်ကလေး တွေ ထွက်လာတယ်၊ အဲဒီ အာဟာရ ရုပ်ဓာတ်တွေ အကုန်ပေါင်းစပ်မိတဲ့ အခါ ဇွန်းကလေးနဲ့ ခပ်ပြီး

၁၉၉၈၁၇

လျှာပေါ်တင်မြီးလိုက်တော့ အောင်မယ် တယ်အရ
သာရှိပါကလား၊ အရသာရှိတာသာသိတယ်၊ အဲဒီ
အထဲမှာလေး-ငါးရှစ်မျိုး-အကုန်ပါတယ်၊ ဒါပေတဲ့
လွန်ကဲတဲ့ အရာကစူးရှတယ်၊အောင်မယ် တယ်-ငန်ပါ
ကလားလို့ အေး-အငန်ကစူးရှသွားတယ်၊အောင်မယ်
တယ်-စပ်ပါ ကလားလို့ အစပ်က ပိုသွားတာကို
တချို့အိမ်က နနွင်းတွေ သိပ်ထည့်တော့ အောင်မယ်
လေး နနွင်းစော် နံလိုက်ထာတဲ့။

ကိုင်း – အဲဒီလိုပေါ့ တခုခု ဓာတ်သဘာဝ လွန်ကဲလာ
တော့ လွန်ကဲတာက ပိုထွက် လာတယ်၊ ဒီတော့ အခု
ယောဂီများ အားထုတ်တော့ သူက ပူတာတွေ့တယ်၊ ငါက
လှုပ်ထာတွေ့တယ်၊ ဒီလိုဖြစ်နေတယ်၊ ဟုတ်တယ်၊ သူ့ဓာတ်နဲ့
သူ လှုပ်တာဘဲ တွေ့တွေ့ ပူတာဘဲ တွေ့တွေ့ အေးတာဘဲ
တွေ့တွေ့ ရှတာဘဲ တွေ့တွေ့ နာတာ ကျင်တာကိုဘဲ တွေ့တွေ့
ရုပ်တရားတွေလို့- ဒီကပြတယ်၊ ဘာဖြစ်လို့ ရုပ်တရားတွေလဲ
ဆိုတော့ ဘုရားဟောတာက "ကာယဥ္စပဋိစ္စ ဖောဋ္ဌဗ္ဗေ ဥပ္ပဇ္ဇတိ
ကာယဝိညာဏံ" အပ်နဲ့ထိုးဆွ နာကျင်တတ်တဲ့ ဌာနကိုယ်၊
ထိုကိုယ်နဲ့တွေ့ထိကောင်းတဲ့ ပထဝီ ဖောဋ္ဌဗ္ဗ တေဇောဖောဋ္ဌဗ္ဗ
ဝါယော ဖောဋ္ဌဗ္ဗတွေ့လိမ့်မယ် တွေ့တဲ့အခါကျတော့ ပထဝီ
ဓာတ်က ဘယ်လိုနေသလဲ မာတယ် နူးညံ့တယ်၊ အဲဒီ ပထဝီ
ဓာတ်ကလေးနဲ့ တွေ့ရင် ဘာဖြစ်သွားသလဲ ဟော- နာတယ်

ကျဉ်တယ် ကိုက်တယ်ခဲတယ် တို့ယောဂီတွေ ငယ်ငယ်တုန်းက ထဲက ကျဉ်တာပါဘဲ၊ ကျဉ်တာတော့– ငယ်ငယ်တုန်းကထဲက သိတယ်၊ အောင်မယ်လေး– ငါခြေကျဉ်လိုက်ထာတဲ့၊ ဟော့– ငါ့လက်တွေ ကျဉ်လို့ နှိပ်စမ်းပါတဲ့၊အောင်မယ် အသိသားဘဲ၊ တချို့ပါးတွေကျဉ်သတဲ့၊တချို့ခြေသလုံးက ကျဉ်သတဲ့၊ကျဉ်တာ တော့အသိသားဘဲ၊ သို့သော်လဲ အဝိဇ္ဇာဖုံးနေတော့ ကျဉ်တာ အဝိဇ္ဇာနဲ့ ယှဉ်တွဲလိုက်တဲ့အခါ ဘာဖြစ်သလဲငါကျဉ်တယ်ပေါ့၊ အဲ–သည်လိုငါ ကျဉ်တဲ့ ပုဂ္ဂိုလ်ကျတော့ အတ္တဒိဋ္ဌိ သက္ကာ ယဒိဋ္ဌိနဲ့ ယှဉ်တွဲပြီး ကျဉ်တဲ့ ရုပ်ဓာတ်ကို ရုပ်မှန်းမသိ ပထဝီ ရုပ်မှန်းမသိတော့ ငါထင်ပြီးအတ္တဒိဋ္ဌိသက္ကာယဒိဋ္ဌိနှင့်ကျဉ်တာ စွဲပြီး အပါယ်ကျမှာ၊ အဲ–ဒါသိပ်သနားစရာ– ကောင်းတာ။

ဘုရားပွင့်တဲ့ သာသနာတော်ခေတ်အတွင်း သိကောင်းတဲ့ ကာလကောင်း အခွင့်ကောင်းကြီးနဲ့ ကြုံပါလျက် မသိရတဲ့ အတွက်ကြောင့်၊ ကျဉ်တာနဲ့ အပါယ် ကျတယ်၊ နာတာတွေ တာနဲ့ အပါယ်ကျတယ်၊ နာတာ လွယ်လွယ် နာတာမှ မဟုတ် ဘဲ၊ တကယ် ပထဝီ ဓာတ်ရုပ် ပြင်းထန်လို့ နာတာပေါ့၊ အခု အပြင်မှာ ဗဟိဒ္ဓသဏ္ဌာန်မှာရှိတဲ့ လက်နဲ့ မာကြောတဲ့ လက် နက်နဲ့ ရိုက်စမ်းစမ်းပါလား၊ ကြပ်ကြပ် မာလေ ကြပ်ကြပ် နာလေပေါ့၊ ဒါပထဝီဓာတ်ကို ခိုင်မာတဲ့ သဘော ဒီဓာတ်နဲ့ ထိခိုက်လေ နာကျင် လေဘဲ၊ ခုတော့ နာတာသိရင် တို့ယောဂီ တွေက ဉာဏ်နဲ့ ရှင်းလိုက်၊ ဒီနာတာ အလကား သက်သက်

မဟုတ်၊ ဘယ်သူနဲ့တွေ့သလဲ ပထဝီနဲ့တွေ့လို့၊ ခြေဘ် ပထဝီ ဓာတ်ရုပ်နဲ့ ကာယပသာဒနဲ့ ထိခိုက်ခြင်းကြောင့်နာမှု ကျင်မှု ပေါ်လာပါလား၊ ဟောသိပြီ အဲဒီလို ပထဝီဓာတ်ရုပ်နဲ့တွေ့လို့ နာမှု ကျဉ်မှုပေါ်လာဘဲ့အခါကျတော့ ပထဝီ ဓာတ်မှန်းသိ၊ နာတဲ့ဝေဒနာကတော့ ကလေးတောင် သိတာပေါ့၊ စာထဲ သင်ထားတဲ့ ကာယဝိညာဏ်ဆိုတာ ဒုက္ခကာယ ဝိညာဏ်ပေါ့၊ အဲ-ဒီဒုက္ခကာယ ဝိညာဏ်တော့ သိတာပေါ့၊ စာထည်းပါတာ ကိုး၊ ဒုက္ခသဟဂုတ် ကာယဝိညာဏ်ပါသားဘဲ၊ သို့သော်လဲ ဒီ-ဒုက္ခကာယ ဝိညာဏ်က မိုဃ်းပေါ်ကျ ကောင်းကင်ကျ ဒေဝါသိကြား ဖြဟ္မာ ပိဿနိုး တန်ခိုးကြီးတဲ့ ပုဂ္ဂိုလ်တွေ ဖန်ဆင်းလို့ဖြစ်တဲ့ ဒုက္ခဝိညာဏ်လား ဆိုတော့ မဟုတ်ဘူး၊ အဲဒါ-အမှန်ယထာဘူတ သိတဲ့ဉာဏ်ကလေးက ခြေဘ်-ဒါ ပထဝီဓာတ်နဲ့တွေ့လို့နာတာကိုး၊ လက်စသတ်တော့ ဒါ-မိုဃ်း ပေါ်ကျ ကောင်းကင်ကျ မဟုတ်ဘူးဟော့၊ ပထဝီဓာတ်နဲ့ ကာယပသာဒရုပ်နဲ့ ထိခိုက်မှုကြောင့် နာကျင်မှု ဖြစ်လာတယ် ဆိုတာ သိအောင်လို့ ဒီကပြတာ၊ အဲ-ဒါ ပထဝီဓာတ် အစစ် ပေါ့။

ပထဝီဓာတ်ရုပ်ကိုတွေ့ပါလျက်ကနဲ့မှ ရုပ်မှန်းမသိဘူး၊ ထို ပထဝီဓာတ်ရုပ်နဲ့ ကာယပသာဒရုပ်နဲ့ တွေ့ထိလို့ နာကျင်မှု လေးပေါ်လာတာကိုသိတဲ့ ကာယဝိညာဏ်ကို ကာယဝိညာဏ် နာမ်မှန်းမသိဘူး၊ အဲဒီ ကာယဝိညာဏ်ကို နာမ်တရားမှန်း

မသိလို့ ငါထင်ရော၊ ဟော့, ငါထင်တော့ အပါယ် ကျတာ ပေါ့၊ ရုပ်မှမသိ နာမ်မှမသိ ရုပ်နာမ်မသိဘဲနဲ့ ဤဘဝ ထိုဘဝ ဘယ်သတ္တဝါမျိုးမှ အပါယ်သံသရာ ဘေးကမလွတ်သေးဘူး၊ ဘုရားဟောလေ- ဘုရားကိုယ်တော်တိုင် ဟောတဲ့တရားတွေ ပေါ့။

အဲ-ဒီလို ပထဝီဓာတ်ရုပ်မှန်းကို တကယ်တွေ့လို့ ပထဝီ ဓာတ်ရုပ်သည် ဖြစ်သွားတယ် ပျက်သွားတယ် ပထဝီ ဓာတ် ရုပ်သည် ဖြစ်ပျက်နေတယ် ဖြစ်ပျက်မစဲ ဖြစ်နေတယ်လို့သိပြီ၊ ဟော့,သိလျှင်ဘာဖြစ်သလဲ၊ သိလျှင် စိတ်ချ ဘုရားကိုယ်က သူ့သား ရာဟုလာကို ဟောသွားတယ်။

ပထဝီ ဓာတုံခေါ ရာဟုလ အနိစ္စတော ဇာနတော ပဿတော သက္ကာယ ဒိဋ္ဌိံ ပဇဟတိ အဝိဇ္ဇာ ပဟီ ယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။

သံယုတ်ပါဠိတော်။

ရာဟုလ-ချစ်သားရာဟုလာ၊ ခေါ-စင်စစ်၊ ပထဝီ ဓာတုံ-ပထဝီဓာတ်ကို၊ ဝါ-ကိုက်ထာ ခဲထာကို၊အနိစ္စ တော- မမြဲဘူးဟူ၍၊ ဇာနတော- သိသောသူအား၊ ပဿတော-မြင်သောသူအား၊ သက္ကာယဒိဋ္ဌိံ-သက္ကာ ယဒိဋ္ဌိကို၊ ပဇဟတိ-စွန့်၏၊ အဝိဇ္ဇာ၊ အဇ္ဇာကို၊ ပဟီ ယတိ-ပယ်၏၊ ဝိဇ္ဇာ- ဝိဇ္ဇာဉာဏ်သည်- ဥပ္ပဇ္ဇတိ-ဖြစ် ပေါ်လာ၏။

ဒါလဲ လူတိုင်းလို ရတာဘဲ၊ စာပေပရိယတ္တိ သင်ဘူးတဲ့ ပုဂ္ဂိုလ် လေ့လာဘူးတဲ့ ပုဂ္ဂိုလ်တွေ အကုန် သိတာပေါ့၊ ဟော ဘယ်လောက်ဟုတ်သလဲ၊ပထဝီဓာတ်ကလေးတွေ့တာနဲ့ ဟာ–ဘယ်နဲ့ အရှင်ဘုရား ပထဝီဓာတ်တွေ့တာနဲ့ တချက်ထဲ ဝိဇ္ဇာဉာဏ်ကြီးရပြီးတော့ အဝိဇ္ဇာပယ်ပျောက်လို့ သက္ကာယဒိဋ္ဌိ တွေကွာသွားတာ အဘယ်ကြောင့် ကွာပါသလဲဟု မေးဘွယ် ရှိသေးတာပေါ့၊ အဲဒါဉာဏ်စခန်းတွေ မလွယ်ဘူး၊ အဲဒီတော့ ပထဝီဓာတ်ရုပ်ကိုတွေ့တာနဲ့ ပထဝီဓာတ်ကရုပ် ကာယပသာဒ ကရုပ် ကာယဝိညာဏ်ကနာမ်၊ဟော–ရုပ်နာမ်တွေ၊ရုပ်နာမ်တွေ ဖြစ်ပျက်သိတယ်၊ ထိုရုပ်နာမ်ဖြစ်ပျက်က ဘယ်သူတွေလဲ ခန္ဓာ အာယတနဓာတ်၊ သွားပြီ–ပထဝီဓာတ်ရုပ်ကို တွေ့တာနဲ့ ဝိဇ္ဇာ ဉာဏ်ဝင်တဲ့ ပုဂ္ဂိုလ်က ခန္ဓာငါးပါးမှန်း သိသွားပြီ၊အာယတန မှန်း သိသွားပြီ၊ ဓာတ်မှန်းသိသွားပြီ ဘာပြုလို့လဲ၊ ဒီပထဝီ ဓာတ်ရုပ်နဲ့ ကာယပသာဒရုပ်က–ရူပက္ခန္ဓာ အစစ်ဘဲ၊ ဘယ် ငြင်းလို့ရမလဲ၊ ရုပ် ၂၈–ပါး ရူပက္ခန္ဓာပေါ့၊ ဒါဖြစ်ရင် နာမ် တရား–သိလုံးလေးက ဝိညာဏက္ခန္ဓာ ဝိညာဏက္ခန္ဓာလို့ ဆို လျှင် တဦးတည်းမဟုတ်ဘူး၊ သူက ဝိညာဏက္ခန္ဓာနဲ့ အပေါင်း အသင်းဆက်ဆံနေတဲ့ ခံစားမှု ခုနက ဒုက္ခကာယ ဝိညာဏ် လေ၊ အဲ–ဒုက္ခကာယ ဝိညာဏ်ဆိုတဲ့ ဝေဒနာပေါ့၊ အဲ–ဒီ ဝေဒနာက ဝေဒနာက္ခန္ဓာ၊ ထိုအထဲပါလာတဲ့ မှတ်သားမှုက သညာက္ခန္ဓာ စေ့ဆော်ကြောင့်ကြမှုက သင်္ခါရက္ခန္ဓာ၊ ဝိညာဏ်

နဲ့ပေါင်းတော့ နာမက္ခန္ဓာလေးပါး ရုပ်ခန္ဓာတပါး အဲဒီတော့ နာတာကို တွေ့ချင်းတော့တူပါတယ်၊ အဝိဇ္ဇာသမားက နာတာ ငါနာတယ်ဆိုတော့ အပါယ်ကျတာပေါ့ ဝိဇ္ဇာဉာဏ် သမားက နာတာကျင်တာ တွေ့တာနဲ့ ပထဝီမှန်းသိ၊ ဟာရုပ် နာမ် ဖြစ်ပျက်တွေ့၊ ခန္ဓာငါးပါး ပါသွားပြီ၊ အဲ-ဒီခန္ဓာငါး ပါး ဖြစ်၊ ခန္ဓာငါးပါး ပျက်၊ ခန္ဓာငါးပါး ဖြစ်၊ ခန္ဓာငါး ပါး ပျက်၊ ပါသွားပြီ၊ ဒါဝိဇ္ဇာ,ဝိဇ္ဇာ။ အဲဒါကြောင့် ဝိဇ္ဇာ ဉာဏ်ကိုရအောင် လုပ်ဝိဇ္ဇာဉာဏ်လွယ်လွယ်တော့ မရဘူး၊ ဝိဇ္ဇာ ဉာဏ်ကိုရတယ်ဆိုတာ သီလနဲ့လဲ ပြည့်စုံရတယ်၊ ကာယကံ ဝစီကံ သမာဓိဆိုတာ ဝီရိယသတိသမာဓိနဲ့ပြည့်စုံရတယ်၊ သမ္မာ သင်္ကပ္ပကကောင်းစွာကြံ၊ သမ္မာဒိဋ္ဌိက ကောင်းစွာမြင်၊ ဟော မဂ္ဂင် ၈-ပါး၊ဝိဇ္ဇာဉာဏ်ဆိုတာ မဂ္ဂင် ၈-ပါးအစစ်ပေါ့၊ အဲဒါ ခန္ဓာမှန်းသိသွားပြီ၊ ရုပ်နာမ်,ပထဝီဓာတ်နဲ့ တွေ့တာနဲ့ ခန္ဓာ ငါးပါး မြင်သွားပြီ အာယတနလဲ မြင်တာပေါ့၊ ဘုရားက ရုပ်အာယတနနာမ်အာယတနဟောတော့ကာယာယတနကိုယ် က လေအပ်နဲ့ ထိုးဆွနာကျင်တတ်တဲ့ ဌာနက ကိုယ်အာယတန ပေါ့၊ ဟိုပထဝီဓာတ်က အတွေ့ဖောဋ္ဌဗ္ဗာယတန၊ ကာယာ ယတန ဖောဋ္ဌဗ္ဗာယတန နှစ်ပါးဆုံမိတော့ ဘယ်လိုပေါ်သလဲ၊ ကာယဝိညာဏ်၊ဟော-ကာယာယတန ဖောဋ္ဌဗ္ဗာယတန မနာ ယတန မနောဆိုတာ ဝိညာဏ်ခေါ်တယ်၊ မနောဝိညာဏ်၊ အဲ-ဒါသိလုံးလေးပေါ့၊ ဒီတော့ ရုပ်အာယတန နာမ်အာယ

တနဘဲ၊ ဘာမှမထူးဘူး၊ ဒီတော့ ဘုရားဟောတဲ့ ပါဠိတော်ကြီးကလဲ ခန္ဓာအာယတနဓာတ် ပဋိစ္စသမုပ္ပါဒ်မှ မသိလျှင် အပါယ်ကျမယ်၊ ဘုရားက အပါယ်သံသရာ စိတ်မချရဘူးတဲ့၊ သတ္တိကောင်းလုပ်လေ၊ဒါနကိုလူ့ပြည်ကဗြဟ္မာပြည်ထိအောင် လှူ၊ သီလကို ဝါဂွမ်းကဲ့သို့ ဖြူစင်အောင်စောင့်၊ သမထ ဘာဝနာကို ဈာန်အဘိညာဏ် တန်ခိုးတွေနဲ့ မြေလျှိုးမိုးပျံ ကောင်းကင်ဈာန်ရအောင်လုပ် ထိုပုဂ္ဂိုလ်၏ အကျိုးသည် မကြီးဘူးလား သိပ်ကြီးတာပေါ့ ဘယ်လောက်ကြီးသလဲ ခုနကပြောတဲ့ ဒါန၏ အကျိုးကြောင့် လူမင်း လူမိဖုယားတို့၏ စည်းစိမ်ချမ်းသာ နတ်မင်းနတ်မိဖုယားတို့၏ စည်းစိမ် ချမ်းသာရပေါ့၊ ကောန့်ရ မလဲ့ဘူး၊ ရမယ်၊ နို့သီလကျတော့ကော အဲ-ထိုနည်းတူစွာပေါ့၊ ဝါဂွမ်းကဲ့သို့ ဖြူစင်အောင် စောင့်သုံးနိုင်တဲ့ သီလကလဲ လူ့ပြည် နတ်ပြည် လူမင်း နတ်မင်း မိဖုယားတွေရဲ့ စည်းစိမ် ချမ်းသာ အကြိမ်ကြိမ်ခံစားရမယ်ပေါ့၊ သိပ်ကောင်းတာပေါ့၊ နို့သမထကကော ဗြဟ္မာပြည်ကော လားရမကောင်းဘူးလား၊ ကောင်းတာပေါ့၊ ဗြဟ္မာစည်းစိမ်လဲ သိပ်ကောင်းတာပေါ့၊ သို့သော်လည်း အဝိဇ္ဇာနဲ့ ယှဉ်တွဲတဲ့ဒါန အဝိဇ္ဇာနဲ့ ယှဉ်တွဲတဲ့သီလအဝိဇ္ဇာနဲ့ ယှဉ်တွဲတဲ့ ဘာဝနာ ဖြစ်သောကြောင့် အပါယ်သံသရာ စိတ်မချရဘူး၊ အဲ-ဒါပြောတာ ဒါနပြုလို့ အပါယ်ကျတယ်လို့ ဟောတာ မဟုတ်ဘူး၊ သီလစောင့်လို့ အပါယ်ကျတယ်ဟောတာမဟုတ်ဘူး၊ဘာဝနာ သမထ အား

ထုတ်လို့ အပါယ်ကျတယ် ဟောတာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲ အဝိဇ္ဇာနဲ့ ယှဉ်နေတဲ့ ဒါန သီလ သမထသည် အကြောင်း အားလျော်စွာ အကျိုးတော့ ခံစားရမယ် လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်၊ လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်က မလွန်နိုင်ဘူး၊ မလွန်နိုင်တော့ ဘယ်သွားမလဲ မိမိပြုခဲ့သောကုသိုလ်ကံ အရှိန် ကုန်လျှင် အပါယ်ကျတာဘဲတဲ့။

ဒါကြောင့်မို့လို့ ဟောဒီခန္ဓာ အာယတန ဓာတ်ပဋိစ္စ သမုပ္ပါဒ်မသိသမျှ အပါယ်သံသရာက မလွတ်၊ ဒီလိုဟောထား တာ တို့ခု ခန္ဓာလဲတွေ့ပြီ အာယတနလဲတွေ့ပြီ ဓာတ်ကကော ကာယဓာတ် ကိုယ်ဓာတ်ခေါ်တယ်၊ ဖောဋ္ဌဗ္ဗဓာတ် ခုနက ပထဝီအတွေ့ဓာတ်ပေါ့၊ ကာယဓာတ် ဖေါဋ္ဌဗ္ဗဓာတ် ကာယ ဝိညာဏဓာတ် သိတဲ့ဓာတ်ကလေး နာမ်ဓာတ်ပေါ့ အဲ-ရုပ် ဓာတ် နာမ်ဓာတ်တွေ့တာဘဲ၊ စကားကတော့ သိပ်များတာဘဲ လုပ်တော့ ဘယ်ကလဲ နာတာတခုထဲ ကျဉ်တာတခုထဲ ခန္ဓာ ခေါ်လဲသူ အာယတနခေါ်လဲသူ ဓာတ်ခေါ်လဲသူ ဘာမှ မထူးဘူး သိဘို့-သိဘို့ သိလျှင်သိပ်ကောင်းတာ ဒီကသင်ပေး တာက သိအောင် သင်ပေးတာ နားမရှုပ်ရဘူး နားမထွေးရ ဘူး၊ တခါထဲ ရှင်းရှင်းကလေး ကိုယ်လုပ်တဲ့ဥစ္စာ အလုပ်တတ် သွားအောင် လက်စသတ်တော့ တို့တွေ့တဲ့ကျဉ်တာကိုက်တာ နာတာတွေဟာ ခန္ဓာအာယတန ဓာတ်တွေဘဲ ခန္ဓာ အာယ တနဓာတ်တွေ မပြတ်ဖြစ်နေတာ ပဋိစ္စသမုပ္ပါဒ် ဆိုတာ အ

ကြောင်းအကျိုးကို ပြတာ **ကံ စိတ် ဥတု အာဟာရ** အကြောင်းတော်ပြီ ဒီလောက် မှတ်မိရင်တော့ ပဋိစ္စ သမုပ္ပါဒ်သိပြီ အကြောင်း အကျိုးဖြစ်တယ်ဆိုတာ ယုံကြည်တဲ့သဒ္ဓါနဲ့ ဒါပဋိစ္စသမုပ္ပါဒ်မှန်းသိလျှင် သိပ်ကောင်းသွားပြီ အကယ်၍ အကျယ်တဝင့် ရနိုင်လျှင်လဲ သာကောင်းတာပေါ့။

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာနာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာဖဿော၊ဖဿပစ္စယာဝေဒနာ၊ ဝေဒနာပစ္စယာတဏှာ၊ တဏှာပစ္စယာဥပါဒါနံ၊ ဥပါဒါနပစ္စယာဘဝေါ၊ ဘဝပစ္စယာဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝ-မေ တဿ ကေဝ လဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

အဲဒါ-သမုဒယကြောင့် ဖြစ်ထာတွေ သမုဒယဟာတဏှာခေါ်တယ် အဲဒီ သမုဒယတဏှာကြောင့် ဖြစ်တဲ့ ရုပ်ခေတ်နာမ်ခေတ်တရားတွေ အခုသိရော၊ လက်စသတ်တော့တို့လူတွေ ဖြစ်ထာနတ်တွေဖြစ်ထာ ပြဟ္မာတွေ ဖြစ်ထာ တခြားကြောင့်မှ မဟုတ်ဘဲ တို့လက်သယ်က အနားလေးတွင် ကပ်နေတာကိုး ဘယ်သူလဲဟေ့ ဆိုတော့ သမုဒယတဏှာပေါ့၊ အဲဒီသမုဒယတဏှာ ဘယ်သူကြောင့်ဒင်းပေါ်လာနိုင်သလဲဆိုတော့၊အဝိဇ္ဇာကြောင့်၊ အခုယောဂီတွေ အဝိဇ္ဇာခွါလိုက်ပြီ၊ ပထဝီခေတ်တွေ

တာနဲ့ အဝိဇ္ဇာပြေးပြီ၊ ဝိဇ္ဇာဉာဏ်ရောက်လာပြီ ဟောဝိဇ္ဇာဉာဏ်ရောက်တာနဲ့ တပြိုင်နက်ထဲ ဘာဖြစ်လာသလဲ ဝိဇ္ဇာဉာဏ်၏ တန်ခိုးကြောင့် အရိယာနွယ်ဝင်–သူတော်စင် အစစ်ရပြီပဋိစ္စသမုပ္ပါဒ် နည်းအတိုင်းရသွားပြီ၊ အဲဒါကြောင့် ခန္ဓာအာယတနဓာတ် ပဋိစ္စသမုပ္ပါဒ်မသိလျှင် အပါယ်သံသရာကမလွတ်နိုင်၊ အဲ–ဒီမှာ သင်ပေးတာအခုပြောတာစာနဲ့သင်ပေးတာမဟုတ်ဘူး ဝိပဿနာ အလုပ်စခန်းနဲ့သင်ပေးတာ၊ ခန္ဓာအာယတနဓာတ် ပဋိစ္စသမုပ္ပါဒ် ဘယ့်နှယ်မတတ်ဘဲ သိနိုင်ပါ့မလား၊ ကိုယ်တွေ့ချည်းဘဲ သူများပြောသံကြားမှုမဟုတ်ဘဲ၊ ကိုယ်တွေ့ တွေ့နေတာအခု တွေ့နေတာကို မသိပါဘူး မတတ်ပါဘူးလို့ ယောင်ချာချာ လုပ်ရင်တော့ ဘယ်တတ်နိုင်မလဲ တကယ်တွေ့နေတာ ပထဝီဓာတ်တွေကျည်ပြီးတော့တွေ့တယ် နာပြီးတော့တွေ့တယ် ကိုက်ပြီး တွေ့တယ်၊ အဲတချို့ကတော့ဒီလိုမတွေ့ဘူး ဘယ်လိုတွေ့သလဲပူတယ်အေးတယ် ရှိန်ရှိန်ရှိန်ရှိန်နဲ့ တွေ့တယ် ပူတာတွေ့ အေးစက်အေးစက်နဲ့ တွေ့တာတွေ့ အေးတွေ့တွေ့ ပူတွေ့တွေ့တေဇောဖောဋ္ဌဗ္ဗလို့ဘုရားဟောတာ၊ တေဇောဖေါဋ္ဌဗ္ဗလို့ဟောတော့။

တေဇောဓာတုံ ခေါ ရာဟုလ အနိစ္စတော ဇာနတော ပဿတော သက္ကာယဒိဋ္ဌိ ပဇဟတိ အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။

သံယုတ်ပါဠိတော်။

ရာဟုလ–ချစ်သားရာဟုလာ၊ ခေါ–စင်စစ်၊ တေဇော
ဓာတုံ–တေဇောဓာတ်ကို၊ ဝါ–ပုတာ အေးတာကို၊
အနိစ္စတော– မမြဲဘူးဟူ၍၊ ဇာနတော–သိသောသူ
အား၊ပဿတော–မြင်သော သူအား၊ သက္ကာယဒိဋ္ဌိံ–
သက္ကာယဒိဋ္ဌိကို၊ ပဇဟတိ–စွန့်၏၊ အဝိဇ္ဇာ–အဝိဇ္ဇာကို၊
ပဟီယတိ–ပယ်၏၊ ဝိဇ္ဇာ–ဝိဇ္ဇာဉာဏ်သည်၊ဥပ္ပဇ္ဇတိ–ဖြစ်
ပေါ်လာ၏။

ကိုင်း–တေဇောဓာတ်ကို တွေ့ပေါ့၊ တေဇောဓာတ်ကို
တွေ့ပေတဲ့ မတူဘူးနော်၊ တေဇောဓာတ်ကိုတွေ့သော်လဲအဝိဇ္ဇာ
နဲ့ တွေ့တာ ဝိဇ္ဇာနဲ့တွေ့တာ နှစ်မျိုး၊ အဝိဇ္ဇာနဲ့တွေ့ ဘာဖြစ်
သလဲ အဝိဇ္ဇာနဲ့တွေ့ အပါယ်ကျ၊ ပူတာ တရားမှန်းမှမသိဘဲ၊
တရားမှန်း မသိလို့ကိုဘဲ တချို့ ပုဂ္ဂိုလ်တွေ ပြောသံအကြား
သားဘဲ ပူတာများ သူတို့က တရားဆိုနေတာ သိပ်အံ့သြဘို့
ကောင်းတာဘဲတဲ့၊ အဲ ပူတာ တရားမှန်း မသိရှာဘူး၊ ဘယ်က
လောက် သနားဘို့ ကောင်းသလဲလို့ ပူတာ တရားလားတဲ့၊
ဟုတ်တယ် အဝိဇ္ဇာက–တရားမဟုတ်ဘူး၊ တရားမတွေ့ဘူး၊
တရားမတွေ့တော့ ပူတာနဲ့ အပါယ် ကျရတာပေါ့ အမယ်
လေး ငါပူလိုက်ထာ ဟဲ့–ငါမခံဘူး၊ ယပ်ကလေး ခပ်ပါ
အုံးဟဲ့ အပူလှိုက်လှိုက်လို့ ဒီတော့ပူတာနဲ့ အပါယ် ကျတာ
ပေါ့၊ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိနဲ့–

အဲဒါ–ဝိဇ္ဇာဉာဏ်သမားက ပူတာ ကြပ်ကြပ်တွေ့လေ ဟန်ကြလေဘဲ ကြပ်ကြပ်ပူလေ ဝိဇ္ဇာဉာဏ်က သိလာတယ်၊ ဟာ–နေရာကျတာ တရားတွေ ဖြစ်လိုက်ပျက်လိုက် ဖြစ်လိုက် ပျက်လိုက် ဒီလိုရုပ်တရားတွေ ဖြစ်ပျက်ဖြစ်ပျက် သိလေလေ ဝိဇ္ဇာဉာဏ်က ကြပ်ကြပ်ပူတာတွေ့လေလေ နိဗ္ဗာန် မျက်မှောက် ပြုလေလေပေါ့၊ ဘာဖြစ်လို့လဲ ဒုက္ခတွေ့နေမှုကိုး၊ ဒုက္ခ အစစ် တွေ့နေပြီ၊ ဝိဇ္ဇာဉာဏ်သမားက ပူတာတွေ့၊ ဒုက္ခအစစ်၊ ဟော ဘယ်သူလဲ၊ ခန္ဓာ, အာယတန,ဓာတ်၊ ပူတာလဲ ခန္ဓာ, အာယ တန,ဓာတ်၊ ပူတာက တေဇော ဖောဋ္ဌဗ္ဗရုပ်၊ ကာယပသာဒရုပ် နဲ့ တွေ့၊ ရူပက္ခန္ဓာ တွေ့တိုင်းသိ နာမ်ခန္ဓာလေးပါး၊ ဟော– ကာယပသာဒရုပ်၊ဖောဋ္ဌဗ္ဗရုပ် ကာယဝိညာဏ်–ရုပ်နာမ်နှစ်ပါး သိ၊ ခန္ဓာငါးပါးဟာ သူဘဲ၊ အာယတနဆိုလဲ သည်လိုပေါ့၊ ခုနကလိုပေါ့၊ ကာယာယတန ဖောဋ္ဌဗ္ဗာယတန မနာယတန၊ ဓာတ်ဆိုလဲ ကာယဓာတ်– ဖောဋ္ဌဗ္ဗဓာတ် ကာယဝိညာဏ ဓာတ်၊ ရုပ်ဓာတ်နာမ်ဓာတ်ပေါ့၊ပူတာတွေ့လဲ ခန္ဓာအာယတန ဓာတ်တွေ့တာဘဲ၊ အဲဒီတော့ ရုပ်နာမ်နှစ်ပါးကို တွေ့ရင် ခန္ဓာ အာယတန ဓာတ်ကိုတွေ့၊ ပူတာတွေ့တာ တရားလားဆိုတာ ဘယ်လောက် ပြောပြော စိတ်မဆိုးကြနဲ့၊ ပြန်မပြောကြနဲ့၊ သနားစရာကောင်းတယ်၊မေတ္တာကြပ်ကြပ်ဖို့ပါ သည်ပုဂ္ဂိုလ်ကို မိတ်ကောင်း ကလျာဏကောင်းနဲ့တွေ့ပါစေ၊ မကြာခင် သည်

အယူဝါဒ မှောက်မှားနေတဲ့ ဘေးဆိုးကြီးမှ လွတ်ပါစေလို့ မေတ္တာသာ ကြပ်ကြပ်ပို့ကြပေါ့။

ဘုရား ကိုယ်တော်မြတ်ကြီး သာသနာနဲ့ တွေ့ကြုံပါလျက်ကနဲ့ တကယ်တရားစစ်တရားမှန်ကြီးတွေ နေလို လလို ထွန်းတောက်နေတာ မသိဘဲနဲ့ အဝိဇ္ဇာ ဖုံးလွှမ်းနေခြင်းကြောင့် သည်လောက် ဆိုးဝါးနေတာ သိပ် သနားစရာကောင်းတဲ့ ဒုက္ခိတသတ္တဝါပေါ့၊ ပူတာတွေ့တရားမှန်းမသိဘူး၊ အေးတာတွေ့လို့လဲ တရားမှန်းမသိဘူး၊ အေးတာလဲ ဘယ်သူက အေးအောင် လုပ်သလဲ ဘယ်ကလာတာလဲ ကောင်းကင်ကျ မိုးပေါ်ကျလား၊ ပူတာကော ကောင်းကင်ကျ မိုးပေါ်ကျလား၊ **ကံ စိတ် ဥတု အာဟာရ**, အကြောင်းတရား လေးပါးကြောင့် ဖြစ်တာပေါ့၊ ပဋိစ္စသမုပ္ပါဒ် အကြောင်းကြောင့် ဖြစ်တဲ့ရုပ်တရား နာမ်တရား ခန္ဓာအာယတနဓာတ်၊ ၎င်း ခန္ဓာ အာယတန ဓာတ်တို့သည် မပြတ် ဖြစ်ပျက်ဖြစ်ပျက်နေတယ်၊ ကိုင်းဒါတွေ ဘယ်သွားတားလို့ ရအုံးမလဲ ရုပ်တရား နာမ်တရားတွေမပြတ် ဖြစ်ပျက်မစဲဖြစ်နေတာ အစစ်ပေါ့၊ ဒါခန္ဓာ ငါးပါးပေါ့၊ နို့ဝါယောရုပ်ကော တွေ့ကောင်းတယ်၊အာပေါ တော့ မတွေ့ကောင်းဘူးလေ၊ ဝါယောရုပ်က ဖောဋ္ဌဗ္ဗဓါတ်၊ ဝါယောရုပ်က ဘယ့်နဲ့နေသလဲ၊ လှုပ်လှုပ်ရွရွ ဆိုတာ ကိုယ်နဲ့တွေ့တာ သိတာပေါ့၊ လှုပ်ထာရွတာကိုမျက်စိနဲ့ မြင်ရတာ မဟုတ်ဘူး မျက်စိကမှန်းဆ ပြောကြတာ လှုပ်ထာ တွေ့

တာလေ ကာယပသာဒရုပ်- ဖောဋ္ဌဗ္ဗရုပ်- ကာယဝိညာဏ်၊ စက္ခုဝိညာဏ်နဲ့မသိဘူး၊ကာယဝိညာဏ်နဲ့သာ သိတာ၊ဝါယော ကို တချို့ကတော့ လေတိုက်လို့ သစ်ပင်တွေလှုပ်နေ၊ ဝါယော ထင်နေတာ,ဘယ်ဟုတ်မလဲ သမ္မုတိ ပညတ်၊ တကယ် မျက်စိနဲ့ သိတာမဟုတ်ဘူး၊ ကိုယ်မှသိတာ၊ ကာယပသာဒရုပ် ဖောဋ္ဌဗ္ဗ ရုပ် ကာယဝိညာဏ် စာထဲမှာ အပါသွားဘဲ အဲ-ဒီကာယ ပသာဒရုပ် ဖောဋ္ဌဗ္ဗရုပ် ကာယဝိညာဏ်ကို တွေ့တော့ ဝါယော ရုပ်ကိုတွေ့၊ တွေ့လျှင် ဘုရားကိုက-

ဝါယော ဓာတုံခေါ ရာဟုလ အနိစ္စတော ဇာနတော ပဿတော သက္ကာယဒိဋ္ဌိံ ပဇဟတိ အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။

သံယုတ်ပါဠိတော်။

ရာဟုလ-ချစ်သားရာဟုလာ၊ ခေါ စင်စစ်၊ ဝါယော ဓာတုံ- ဝါယောဓာတ်ကို၊ ဝါ-လှုပ်ထား ရှိတာကို၊ အနိစ္စတော- မမြဲဘူးဟူ၍၊ ဇာနတော- သိသောသူ အား၊ ပဿတော-မြင်သောသူအား၊ သက္ကာယဒိဋ္ဌိံ- သက္ကာယဒိဋ္ဌိကို၊ ပဇဟတိ-စွန့်၏၊ အဝိဇ္ဇာ-အဝိဇ္ဇာကို၊ ပဟီယတိ-ပယ်၏၊ ဝိဇ္ဇာ-ဝိဇ္ဇာဉာဏ်သည်၊ ဥပ္ပဇ္ဇတိ- ဖြစ်ပေါ်လာ၏။

စာ၏အဓိပ္ပါယ် နားလည်လျှင် သိပ်ကောင်းတာဘဲ၊အနိစ္စ တော-မမြဲဘူးဟူ၍၊ ဇာနတော-သိသောသူအား၊ပဿတော-

မြင်သောသူအားလို့ ပါနေတယ်၊ အဓိပ္ပါယ် ရှင်းကြည့်စမ်း၊ သိတဲ့လူမြင်တဲ့လူကို ဘုရားကဟောတာ၊ခုနကတုန်းက အဝိဇ္ဇာကြီး တန်းလန်းနဲ့ အဝိဇ္ဇာဖုံးထားလို့ မသိတဲ့လူတရားထည်းမှာ ပါကိုမပါဘူး၊ ဒီတရားထဲမှာ လုံးလုံးကို မရှိဘူး၊ ဒီတရားထဲမှာ ပါတာကဝိဇ္ဇာ သိတဲ့လူ မြင်တဲ့လူ၊ ကြပ်ကြပ် သိတဲ့လူ ကြပ်ကြပ် မြင်တဲ့လူကိုဘုရားကဟောတာ မမြင်တဲ့လူ ဘုရားက ဟောကို မဟောဘူး။

ကိုင်း–တို့ယောဂီတွေ တရားအားထုတ်ထားတာ သူများ ပြောသံကြားလား ကိုယ်တွေ့လား၊ ရုပ်ကို သေသေချာချာ ကြည့်စမ်း၊ကိုယ်တွေ့ဉာဏ်မြင်တရား ပြောသံကြား မဟုတ်ဘူး၊ စာထဲမှာရှိတဲ့တရား ခုနတုန်းက ပြန်ကြည့်စမ်း၊ ဘုရားဟောတာ အဓိပ္ပါယ် ပေါ်တော့မယ်၊ ဘဂ္ဂါ– ဖြစ်ပေါ်လာပြီး နောက် လျင်မြန်စွာ ချုပ်ပျောက်ကြကုန်သော နာမ်ရုပ်တရား နှစ်ပါးတို့သည်၊ ဟော–ပေါ်ပြီ၊ ယောဂီတွေမှာ အဓိပ္ပါယ် ရှင်းရှင်းလေး ရသွားပြီ၊ ဘာပြုလို့လဲ ရှိန်ကနဲ ရုပ်နာမ်နှစ်ပါး ဖြစ်– ပျောက်သွားတာ အသိသားဘဲ၊ ဘယ်ငြင်းလို့ရမလဲ၊ ဒီပါဠိနဲ့လဲ ကိုက်နေပြီ၊ ဟော–ဖြစ်ပေါ်လာပြီးနောက် လျင်မြန်စွာ ချုပ်ပျောက် ကြကုန်သော နာမ်ရုပ် တရားနှစ်ပါးတို့သည်၊ ဟော–ရှိန်ကနဲ နာမ်ရုပ်တရားနှစ်ပါး ချုပ်ပျောက်သွားပြီ၊ လှုပ်ကနဲ နာမ်ရုပ်တရားနှစ်ပါး ချုပ်ပျောက်သွားပြီ၊ ဟာ နာကျင်ကိုက်ခဲ နာမ်ရုပ်တရားနှစ်ပါးချုပ်ပျောက်သွားပြီ

ဟောတခါတည်း တွေ့တယ်၊ အဲဒါ နာမ်ရုပ်တွေမှာဘဲ အနိစ္စ သိရောပေါ့၊နာမ်ရုပ်မသိဘဲနဲ့ အနိစ္စသိတယ်ဆိုတာ အလကား ပြောတာ၊ တော်၏ရေဉ်၏ မှန်းဆပြောတာ မဟုတ်ဘူး၊နာမ်နဲ့ ရုပ်ကို တကယ်တွေ့မှ အနိစ္စသိတာ ဘာပြုလို့လဲ နာမ်ရုပ်တွေ နာမ်ရုပ်က ဖြစ်ပျက်မစဲကြီးဘဲ၊ခုပြောပြီကော ဘဂ္ဂါ-ဖြစ်ပေါ် လာပြီးနောက် လျင်မြန်စွာ ချုပ်ပျောက်ကြကုန်သော နာမ်ရုပ် တရား နှစ်ပါးတို့သည်၊ အဲဒါ မင်းတို့အခိပ္ပါယ် နားမလည် လျှင် ငါက ဥပမာနဲ့ ပြအုံးမယ်၊ အနိစ္စနဂတာ-ငြိမ်းလေပြီး သည့် ဆီမီးပမာ သိုမှီးရာမရှိသော အဖြစ်သို့ ရောက်ကြလေ ကုန်ပြီ။

ဥပမာယ မိဓေ ကစ္စေ,
အတ္ထံ ဇာနန္တိ ပဏ္ဍိတာ၊

ဣဓ-ဤလောက၌၊ ကေစ္စေ-အချို့ကုန်သော၊ ပဏ္ဍိ တာ- ပညာရှိတို့သည်၊ ဥပမာယ- ဥပမာအားဖြင့်၊ အတ္ထံ- အနက် အခိပ္ပါယ်ကို၊ ဇာနန္တိ-သိကြကုန်၏။

မြတ်စွာဘုရား ကိုယ်တော်မြတ် ကြီးဟာ သူ့ဉာဏ်တော် မြင်တဲ့ အတိုင်းကို ပရိသတ် သတ္တဝါဝေနေယျ ငါနဲ့အတူ ထပ်တူမြင်စေရမယ် ဆိုတဲ့အနေမျိုးနဲ့ အင်မတန် ပြောချင်ရှာ တယ်၊ ပြောချင်ဟောချင်တဲ့ အတွက်ကြောင့် ဒီသတ္တဝါတွေ မမြင်မြင်အောင်ဟဲ့-ဆိုပြီးတော့ ဥပမာနဲ့ တင်ပြတယ်၊ ပရမတ္ထ သဘာဝ ရုပ်တရား နာမ်တရားဆိုတာက ဘယ်သူမှ မြင်ရတဲ့

တရားမဟုတ်ဘူး၊ ဓမ္မာ နိသတ္တ နိဇီဝသဘာဝါ-သတ္တလည်း မဟုတ် ဇီဝလည်း မဟုတ် သတ္တဝါလို့လဲ မခေါ်နိုင်ဘူးတဲ့၊ ဇီဝ-အသက်လို့လဲ မခေါ်နိုင်ဘူးတဲ့။ သဘာဝ-သဘောတရားတွေ၊ သဘောသက်သက် ကလေးတွေ၊ အဲဒီသဘောကလေးတွေ ဘယ်နဲ့လုပ်မြင်မလဲ ဝိဇ္ဇာဉာဏ်မှ မြင်မယ်၊ ဟောဒီရှိန်ကနဲ ရုပ်နာမ်နှစ်ပါးသဘော၊သူ့သဘောနဲ့သူဖြစ်၊ သူ့သဘောနဲ့သူ ပျက်သွားတာ၊ လှုပ်ကနဲလဲ ရုပ်နာမ်နှစ်ပါး သူ့သဘောနဲ့သူ ဖြစ်၊ သူ့သဘောနဲ့သူပျက်သွားတာ၊ဒိတ်ဒိတ်ဒိတ်ဒိတ် ရွရွ ရွရွ ကိုက်ခဲနာကျင် သူ့သဘောနဲ့သူဖြစ် သူ့သဘောနဲ့သူ ပျက်သွားတာ၊ အဲတာ သဘောကလေးတွေ မသိနိုင်ဘူး အဲဒီသဘောကို သိအောင် ငါဥပမာပြမယ်လို့ ဘုရားက ဘာနဲ့ပြလိုက်သလဲ၊ ငြိမ်းလေပြီးသည့်ဆီမီးပမာ သိမှီးရာ မရှိသော အဖြစ်သို့ ရောက်ကြလေကုန်ပြီ၊ ကိုင်း-ဆီမီးရောင်က ဥပမာန၊ ရုပ်နာမ် နှစ်ပါးက ဥပမေယျ၊ ဆီမီးရောင်ကဲ့သို့က ဥပမာဇောတက၊ ကိုင်းတာဖြင့်-

> တို့-မျက်မြင် ကိုယ်တွေ့ အခုယောဂီများ ကိုယ်တိုင်သိ ဆီမီးရောင်ကလေးလေ၊ ထွန်းထားလိုက်စမ်း လူ-လူ-လူလူနဲ့ အရောင်ကလေး တောက်နေတယ်၊ဆီမီးရောင်ကလေး ငြိမ်းလိုက်စမ်း ဖြုတ်ကနဲ့ ငြိမ်းလိုက်တာနဲ့ တပြိုင်နက် အရောင်ပျောက် ဆီမီးရောင် ကလေး ပျောက်သွားပြီ အဲဒီ ပျောက်သွားတဲ့ ဆီမီးရောင်

ကလေးကို လိုက်ရှာကြစမ်း အရှေ့မှာလား အနောက်မှာလား တောင်မှာလား မြောက်မှာလား အောက်မှာလား အထက်မှာလား ဒီဆီမီးရောင်ကလေး ဘယ်ရောက်သွားသလဲ ဒီဆီမီးရောင်ကလေးကို ဘယ်သူသိမ်းထားသလဲ သိမ်းထားလို့ကော ရရဲ့လား၊မရဘူး၊ အဲဒါအားလုံးကိုယ်တိုင်သိ ကိုယ်တွေ့ဉာဏ်မြင် သြော်လက်စသတ်တော့ ဆီမီးရောင်ကလေး ငြိမ်းပြီးလျှင်ဘယ်သူ ဘယ်နတ် ဘယ်ဗြဟ္မာမှ သိုမှီးသိမ်းဆည်းထားလို့ မရတာသိပြီ ထိုဆီမီးရောင်ကို သိုမှီး သိမ်းဆည်းထားလို့ မရသလို မရသကဲ့သို့။

ဟော–ဒီရုပ်နာမ် နှစ်ပါးရှိန်ကနဲဖြစ်တာ အမှန်ပျက်သွားပြီ၊ အဲဒီပျက်သွားတဲ့ ရုပ်နာမ် ဘယ်မှာသိမ်ထားသလဲ ဘယ်မှာရှိသေးသလဲ–ရှိတယ်လို့များ ဉာဏ်ထဲမှာ ပေါ်လာနိုင်သေးရဲ့လား ရှိန်ကနဲဆိုလျှင် ရုပ်နာမ်နှစ်ပါးဖြစ်ပျောက်သွားပြီ လှုပ်ကနဲဆိုလျှင် ရုပ်နာမ်နှစ်ပါး ဖြစ်ပျောက်သွားပြီ ဒိတ်ကနဲဆိုရုပ်နာမ်နှစ်ပါးဖြစ်ပျောက်သွားပြီ ရှိကြသေးရဲ့လား၊ ကိုင်း–သည်တော့ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ပြတဲ့ ဥပမာမှားသလား မှန်သလားကိုယ်ပိုင်ဉာဏ်နဲ့ ချိန်ပြီးတော့ ကြည့်လိုက်စမ်း၊ ဆီမီးရောင်ကလေး သိမ်းသားလို့ မရသလို မရသကဲ့သို့၊ ရုပ်နာမ်နှစ်ပါးတို့လဲဘဲ ဟော ထိုနည်းတူစွာ သိမ်းဆည်းလို့ မရတာကြောင့် ဆီမီးရောင်နဲ့ ဥပမာပြတယ် ငြိမ်း

လေပြီးသည့် ဆိမီးပမာတဲ့ ဟိုကသိုမှီးရာ မရှိသော အဖြစ်သို့ ရောက်ကြလေကုန်ပြီ သြော်–ဒီလို ပျောက်သွားတဲ့ ရုပ်နာမ် တွေဟာ ဘယ်မှမရှိတော့ပါလား တို့ကတော့ရှိနေသလိုလိုထင် ရသပေါ့၊ယော်ယ်က ရုပ်တွေဘဲရှိနေတော့ သလိုလို အခုတရား ဂူထဲက ထလာတဲ့ ရုပ်တွေဘဲ ဒီပါလာသလိုလို အိမ်ကလာတဲ့ ရုပ်တွေဘဲ ဒီရောက် နေသလိုလို ထင်ရတယ် ဒါအဝိဇ္ဇာ လက် ချက်ပေါ့ အဲဒီအဝိဇ္ဇာ တွန်းလှန်လို့ ဝိဇ္ဇာဉာဏ်နဲ့ ကြည့်တော့ ဘယ်လာရှိတော့မလဲ၊ ရှိန်ကနဲဖြစ်တဲ့ ရုပ်နာမ်ဟာ ရှိန်ကနဲ ဖြစ်တဲ့ နေရာတွင် ချုပ်ပျောက်သွားတာ၊ နောက်လာတာ အသစ်သာဖြစ်တာပေါ့၊ ရှေးဦးစွာ ဖြစ်ပေါ်လာတဲ့ ရုပ်နာမ် ဘယ်လာရမလဲ မရှိဘူး၊ အဲဒါကိုပြောတာ၊ ဥပမာကငြိမ်းလေ ပြီးသည့် ဆိမီးပမာ၊ ဟာ–ဒါဖြင့် သဘောကျပြီ၊ အတိတ် လွန်လေပြီးသော ကာလက ရုပ်နာမ်တွေ မရှိဘူး နှိုခုထိုင် ပြီးတော့ တရားနာနေတယ် ရှေးဦးစွာ ထိုင်နေတဲ့ ရုပ်နာမ် တွေဟာအဆင့်ဆင့် အသစ်အဟောင်းပြောင်းလဲ ချုပ်ပျောက် သွားတာတွေဟာ တခုမှမရှိဘူး၊ ဒါဖြင့် အတိတ်က ရုပ်နာမ် တွေဟာ ဘာမှ မရှိဘူးဆိုတာ ဟောသိရော၊ ထင်ရှားသွားပြီ၊ အဓိပ္ပါယ် ဒါဖြင့် ပြောအုံးမယ်တဲ့ "အနာဂတေ–မဖြစ်သေးမီ အခါကာလ၌" စာထဲတော့ ပါတယ်လေ မဖြစ်သေးမီ အနာ ဂတ်ကာလ ဘာမဖြစ်သေးမီလဲ ဆိုလျှင်လဲ ခက်နေတာပေါ့၊ ဘာမဖြစ်သေးမီ အနာဂတ်လဲလို့ အနာဂတ်ဆိုတာ မဖြစ်

သေးမီ ကာလကို ဘုရားဟောတယ်၊ အနာဂတ် အားလုံးလဲ သိကြတယ်၊ အဲဒီ အနာဂတ်ဟာ ဘယ်အခါ မဖြစ်သေးမီလဲ၊ အဲ အခုယောဂီတွေကသိပြီ၊ ရှိန်ကနဲ မဖြစ်ခင်၊ ဒီရှိန်ကနဲဟာ အနာဂတ်မှာမရှိဘူး၊ လှုပ်ကနဲ မဖြစ်ခင်၊ လှုပ်ကနဲဆိုတာက ပစ္စုပ္ပန်၊ လှုပ်ကနဲမဖြစ်ခင် အနာဂတ်မရှိ၊ ရှိသလား၊ ကိုင်းကိုယ်ပိုင်ဉာဏ်နဲ့ တွေးတွေးကြည့်စမ်း၊ ရွကနဲမဖြစ်ခင် ရွကနဲဖြစ်တာက ပစ္စုပ္ပန်၊ဒီရွကနဲ မဖြစ်ခင် အနာဂတ်မရှိ၊ ဖြစ်ပြီးပျောက်သွား အတိတ်မရှိ၊ ဟော-ပစ္စုပ္ပန် သက်သက်ကလေး၊ ဒါ အားလုံးသိတာ၊ ကိုယ်တိုင် သိကိုသာယူ၊ စာတွေတော့ရှိတယ်၊ ဟိုအနတ္တ လက္ခဏာသုတ်မှာ–

အတီတာ နာဂတာ ပစ္စုပ္ပန္နံ အဇ္ဈတ္တံဝါ–ဗဟိဒ္ဓါဝါ ဩဠာရိကံဝါ သုခုမံဝါ–ဆိုတာတွေရှိတယ်၊အတိတ်အနာဂတ် ပစ္စုပ္ပန်ကာလ သုံးပါးမှာရှိတယ် ဆိုတာက အတိတ်ရုပ်နာမ်လဲ ရှိတယ်လို့ဆိုတာ ဥပမာတင် ပြောတာ၊ အတိတ်ရုပ်နာမ် မရှိတော့ဘူး၊ နို့လွန်သွားတာ အတိတ်မဟုတ်လား၊ ဟုတ်တယ်၊ အဲတာ မရှိဘူး၊အဲတာသိရမယ်၊သို့သော် အတိတ်မှာ ရုပ်နာမ်ရှိတယ်လို့ ထင်ချင် ထင်နေမယ် မထင်ရင်တော့ သာခုခေါ်ပေါ့၊ အတိတ် ရုပ်နာမ်ရှိနေတယ်လို့ ထင်နေရင်တော့ ဒုက္ခဘဲ၊ မရှိဘူးတဲ့၊ အတိတ် ရုပ်နာမ်လို့ခေါ်တော့ ခေါ်တာဘဲ၊ ခေါ်တော့ အတိတ်ရုပ်နာမ်၊ လွန်သွားတာ အတိတ်ရုပ်နာမ်ပေါ့၊ ရှိကိုမရှိတော့ဘူး၊ နို့အနာဂတ်လဲ မရောက်ခင် အနာဂတ် ရုပ်နာမ်လို့

ခေါ်တာပေါ့၊ခေါ်ပေတဲ့ အဲဒီအနာဂတ်မှာ ရုပ်နာမ်ရှိသလား မရှိကို မရှိဘူးတဲ့၊ ဘုရားကမရှိဘူးတဲ့၊ ဟော-ပစ္စုပ္ပန်ဖြစ်ပျက် ကလေးတွေရှိတယ်၊ ရှိန်ကနဲ ဖြစ်ပျက်သွားတယ်၊ လှုပ်ကနဲ ဖြစ်ပျက် သွားတယ်၊ ရွကနဲ ဖြစ်ပျက်သွားတယ်၊ ဒိတ်ကနဲ ဖြစ်ပျက်သွားတယ် ပစ္စုပ္ပန်ဖြစ်ဆဲပျက်ဆဲတွေရှိတယ်၊ ဒါကြောင့် "အနာဂတေ-မဖြစ်သေးမီ အနာဂတ်ကာလ၌၊ ပုဉ္ဇော-လာ၍ အသစ်ဖြစ်ဘို့ရာ အပုံအစုသည်၊ နတ္ထိ-မရှိနှင့်ချေ" ဘုရားကိုက မရှိဘူးပြောထားတာ၊ ဘယ်နဲ့ လုပ်ငြင်းအုံးမလဲ၊ မရှိဘူးတဲ့၊ လာ၍ အသစ်ဖြစ်ဘို့ စုပုံ ထားတာ ဟောဒီမှာ ယောဂီတွေ အားထုတ်ပြီးတော့ နေစမ်း၊ ဦးခေါင်းကအစ ခြေဖျားအထိ တဒိတ်ဒိတ် တရွရွ တရှိန်ရှိန် တလှုပ်လှုပ် ဖြစ်ပျက်ဖြစ်ပျက်နဲ့ နေတာ ပစ္စုပ္ပန်၊အဲဒီဖြစ်ပျက် ကလေးတွေ မဖြစ်ခင် အနာဂတ်မှာ ဖြစ်ဘို့ရာလေးဟာ ဘယ်မှာစုထားသလဲ၊ ဘယ်မှာ ပုံထားသလဲ၊ ဘယ်မှာ ရှိသလဲ လိုက်ရှာကြရှာစမ်း၊ တွေ့လားလို့၊ မတွေ့ဘူး၊ ရှိလဲမရှိဘူး၊ ဘုရားကိုယ်တော် မြတ်ကြီးကိုက မရှိဘူးတဲ့ ပြီးတော့မှ သူတခါတည်း၊ ဒါဖြင့် အတိတ်နဲ့ အနာဂတ်မရှိကြောင်းတော့ သူသဘောကျသွားပြီ၊ သူလဲပြောသွားပြီ၊ ပစ္စုပ္ပန်တော့ သူဘယ်လို ပြောသလဲ၊ "ယေပိ-အကြွင်ပစ္စုပ္ပန် ခန္ဓာ နာမ်ရုပ်တို့သည်လည်း" ကိုင်း ပစ္စုပ္ပန် ခန္ဓာ နာမ်ရုပ်ကိုသိတာ ယောဂီမှ သိတာ၊ ယောဂီက လွဲလို့ သိမယ်လို့များ ထင်ရင်တော့ အမှားဘဲ၊ ဤဘဝ ထိုဘဝ

ဘယ်တော့မှ မသိဘူး၊ ယောဂီအစစ်က သိတယ်၊ ပစ္စုပ္ပန်ခန္ဓာ နာမ်ရုပ် ကြည့်လေ ရှိန်ကနဲ လှုပ်ကနဲ ရွကနဲဆိုတာ ခုနက တုန်းက ရှင်းခဲ့တယ်မဟုတ်လား။

**ရှိန်ကနဲ** ခန္ဓာ အာယတန ဓာတ်၊

**လှုပ်ကနဲ** ခန္ဓာ အာယတန ဓာတ်၊

**ရွကနဲ** ခန္ဓာ အာယတန ဓာတ်၊

**ဒိတ်ကနဲ** ခန္ဓာ အာယတန ဓာတ်။

ဓာတ်တရားတွေ နာတာကျင်တာ ကိုက်တာခဲတာတွေဟာ ပစ္စုပ္ပန်သက်သက် ခန္ဓာအာယတနဓာတ်တွေ အဲဒါကို "ယေဝါ- အကြောင် ပစ္စုပ္ပန် ခန္ဓာနာမ်ရုပ်တို့ သည်လည်း" ယောဂီ- ကတော့- သိသွားပြီ၊ ပစ္စုပ္ပန်ခန္ဓာနာမ်ရုပ်ဆိုလျှင်ဘဲ ကိုယ်မှာ တသိမ့်သိမ့် တဖြန်းဖြန်း တရှိန်ရှိန် တရွရွ မပြတ်ဖြစ်ပျက်တွေ နေတာ ပစ္စုပ္ပန် ခန္ဓာနာမ်ရုပ်ပေါ့၊ အဲဒါ စာဆိုနဲ့ ကိုက်ညီ နေတယ်၊ စာကလဲ ဒီလိုဘဲ ဆိုထားတယ်၊ စာဆိုသလို မိမိ ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်နဲ့ သိတာ ပစ္စုပ္ပန် ခန္ဓာနာမ်ရုပ်တို့ သည်လည်း၊ နိဗ္ဗတ္တာ-ဖြစ်ကြကုန်သည်ဖြစ်၍၊ ဟော-ဖြစ်ထာ ကိုယ်တိုင်သိပြီ၊ ပြောသံကြားမဟုတ်ဘူး၊ ခန္ဓာနာမ်ရုပ်တွေ ကိုယ်တိုင်ဖြစ်နေတာကြည့်စမ်း၊ တရှိန်ရှိန် တရွရွ တလှုပ်လှုပ် ကိုယ်တိုင်ဖြစ်နေတာ ပစ္စုပ္ပန် ခန္ဓာနာမ်ရုပ်တွေပေါ့ ဘာဖြစ် သလဲ၊ နိဗ္ဗတ္တာ- ဖြစ်ကြကုန်သည်ဖြစ်၍၊ ဖြစ်တာအမှန်ငြင်းလို့ မရဘူး။

ကိုင်းမဖြစ်နဲ့လို့ အားလုံး ဝိုင်းတားစမ်း၊ တရှိန်ရှိန် တသုတ်သုတ် တလှုပ်လှုပ် တရွရွ ခန္ဓာနာမ်ရုပ်တွေ မဖြစ်နဲ့ဟဲ့ မဖြစ်နဲ့ဟဲ့လို့ ပေါက်ဆိန်နဲ့ ပေါက်တောင် ရပမလား၊ မရဘူး၊ ဖြစ်နေတာဘဲ၊ အဲဒါ–ပစ္စုပ္ပန် ခန္ဓာ နာမ်ရုပ်တို့သည်လည်း၊ နိဗ္ဗတ္တာ–ဖြစ်ကြကုန်သည်ဖြစ်၍၊ တိဋ္ဌန္တိ–တည်ကြကုန်၏၊ အခုတည်နေကြတာ မမြင်ဘူးလား၊ ထိုင်နေတယ်၊ ထနေတယ်၊ အိပ်နေတယ် သွားနေတယ် ဒါတည်တာပေါ့၊ ဒီတော့ ဘယ်လိုတည်သလဲဆိုလျှင် ပစ္စုပ္ပန် ခန္ဓာနာမ်ရုပ်တည်တာ– ဟာ ဒါဖြင့်နားမလည်ဘူး၊ ရှုပ်သွားပြီ၊ ဘယ့်နဲ့လုပ်ပြီး တည်အုံးမှာလဲ ဒီပစ္စုပ္ပန်ခန္ဓာနာမ်ရုပ်က အဲဒီတော့မှ ဟာ–မင်းတို့နား ရှုပ်ရင် ငါရှင်းအောင် ပြောမှာပေါ့တဲ့၊ ဘုရားက ဥပမာနဲ့ တခါ ပြတယ်။

> တေပိ– ထိုပစ္စုပ္ပန် ခန္ဓာ နာမ်ရုပ် တို့သည်လည်း၊ အာရဂ္ဂေ– အပ်သွားပွတ်ဆောက်ဖျား၌၊ သာသပူပမာ–ဒလစပ် တင်အပ်ကျအပ်သော မုံညင်းစေ့တို့နှင့်တူသောပမာရှိကုန်သည်ဖြစ်၍။

ငါဥပမာပြမယ်နော်တဲ့ မင်းတို့ ကိုယ်မှာ–ပစ္စုပ္ပန် ခန္ဓာနာမ်ရုပ်တွေ တည်နေတာဟာ ဘယ်လိုတည်နေသလဲ ဆိုလျှင် ဖြစ်ပျက်မစဲတည်ဒါကို အဓိပ္ပါယ် ရှင်းရှင်းကလေးမြင်အောင် ကြည့်စမ်း၊ အပ်သွားပေါ်မှာ မုံညင်းစေ့ကလေးတွေ ချစမ်းစမ်းတဲ့၊ ဒလစပ်မပြတ် မုံညင်းစေ့ကလေး တင်လိုက် ကျသွား

လိုက် နောက်ထပ်အသစ် တင်ပေါ့၊ ဟိုကအပ်သွားပေါ်က မုံညင်းစေ့ကလေး ကျသွားလျှင် နောက်ထပ် အသစ်တင်၊ အဲဒါတဖွဲ့ဖွဲ့ တသဲသဲ မပြတ် မုံညင်းစေ့ကလေးအပ်သွားပေါ်မှာ ပစ္စုပ္ပန်သက်သက်ကလေး တည်သလို အခုယောဂီများ သဏ္ဌာန်မှာ ခန္ဓာနာမ်ရုပ်တို့သည် ပစ္စုပ္ပန်သက်သက် တဖွဲ့ဖွဲ့ တသဲသဲ တရှိန်ရှိန် တသုတ်သုတ် တလှုပ်လှုပ် တရွရွ မပြတ် ဖြစ်ပျက်မစဲ တည်နေတာ တွေ့တယ်မဟုတ်လား ကိုယ်ပိုင် ဉာဏ်နဲ့ ကြည့်စမ်း၊ မတွေ့လျှင် တိုလဲ ဟောလို့မရဘူး၊ မတွေ့တဲ့ ယောဂီ တရားဟော ပေါက်ဆိန်နဲ့ ပေါက်ဟော၊ နားကို မလည်ဘူး၊ အလကားဘဲ၊ နာရတာညောင်းတာဘဲ၊ပျင်းတာဘဲ၊ ဟောတဲ့လူလဲ မောရုံဘဲရှိတယ်၊ ဘာမှကျေးဇူး မရှိဘူး။

ကိုယ်မှာတွေ့မှ မတွေ့ဘဲ၊ ဟိုကတော့ အပြောသားဘဲ အပ်သွားပေါ်မှာ မုံညင်းစေ့ကလေးတွေ ဒလစပ်မပြတ်ကျနေသလို ပစ္စုပ္ပန် ခန္ဓာ နာမ်ရုပ်တို့သည် မပြတ် တဖွဲ့ဖွဲ့ တသဲသဲ တဖြစ်ထဲ တပျက်ထဲခန္ဓာနာမ်ရုပ်ဖြစ်ပျက်နေတာ၊အဲဒါမြတ်စွာ ဘုရား ကိုယ်တိုင် ဟောတာ သာသပူပမာတဲ့၊ ဒလစပ် တင်အပ်ကျအပ်သော မုံညင်းစေ့တို့နှင့် တူသော ပမာရှိကုန် သည်ဖြစ်၍၊ တိဋ္ဌန္တိ–တည်ကြကုန်၏၊ အဲဒီပါဠိတော်သူကျက် ထားလဲရ၊ ငါကျက်ထားလဲရပေါ့၊ ဒီတရား မမှန်ဘူးလား၊ မှန်တယ်၊ မဟုတ်ဘူးလား၊ ဟုတ်တယ်၊ သိမလား ၊ဆိုတော့ ဝေးလိုက်ထာ အနားတောင် မကပ်နိုင်ဘူး၊ ဉာဏ်စခန်းတွေ

ဘုရားကိုယ်တော်မြတ် ဟောတာ၊ အလကား တော်ရိရော်ရိ ခရီးသွားဟန်လွှဲဟောတဲ့ တရားတွေ မဟုတ်ဘူး၊ တကယ့်ဉာဏ် ရွှေဉာဏ်တော်နဲ့ ဟောတဲ့တရား၊ ဒါကြောင့် ပါဠိကတော့ ၃၂-လုံးပေါ့။

အနိဓာန ဂတာ ဘဂ္ဂါ,
ပုဉ္ဇော နတ္ထိ အနာဂတေ၊
နိဗ္ဗတ္တာ ယေပိ တိဋ္ဌန္တိ,
အာရဂ္ဂေ သာသပူပမာ။

မဟာနိဒ္ဒေသပါဠိတော်။

ဘဂ္ဂါ- ဖြစ်ပေါ်လာပြီးနောက် လျင်မြန်စွာ ချုပ်ပျောက်ကြကုန်သော နာမ်ရုပ်တရား နှစ်ပါးတို့သည်၊ အနိဓာနဂတာ- ငြိမ်းလေပြီးသည့် ဆိမိးပမာ သိုမှီးရာမရှိသောအဖြစ်သို့ ရောက်ကြလေကုန်ပြီ၊ အနာဂတေ-မဖြစ်သေးမီ အနာဂတ်အခါကာလ၌၊ ပုဉ္ဇော- လာ၍အသစ် ဖြစ်ဘိုရာ အပုံအစုသည်၊ နတ္ထိ-မရှိနှင့်ချေ၊ ယေပိ- အကြင်ပစ္စုပ္ပန် ခန္ဓာနာမ် ရုပ်တို့သည်လည်း၊ နိဗ္ဗတ္တာ- ဖြစ်ကြ ကုန်သည် ဖြစ်၍၊ တိဋ္ဌန္တိ- တည်ကြကုန်၏၊ တေပိ- ထိုပစ္စုပ္ပန် ခန္ဓာနာမ်ရုပ် တို့သည်လည်း၊ အာရဂ္ဂေ-အပ်သွား ပွတ်ဆောက်ဖျား၌၊ သာသပူ ပမာ-ဒလစပ် တင်အပ်

ကျအပ်သော မုံညင်းစေ့နှင့်တူသော ပမာရှိသည်ဖြစ်၍၊ တိဋ္ဌန္တိ-တည်ကြကုန်၏။

ပါဠိ အနက် ရွတ်လိုက်လျှင် နှစ်မိနစ်လောက်ကြာတာဘဲ၊ ကုန်သွားတာပေါ့၊ကျက်ထားလဲ ရတာပေါ့၊နို့သော် အဓိပ္ပါယ်သဘောသွား ဘုရားကိုယ်တော်မြတ်ကြီး ဟောတဲ့တရားဟာ တို့သိတဲ့အသိဉာဏ်နဲ့ ကိုက်တယ်မကိုက်ဘူး နှိုင်းချိန်ပြီးတော့ စဉ်းစားကြဘို့ ခုပြောပြတာ၊ ကိုင်း ဘယ်လောက် ရှင်းသလဲ၊ ခန္ဓာနာမ်ရုပ်တွေလေ ခန္ဓာနာမ်ရုပ်ကို မတွေ့တဲ့ပုဂ္ဂိုလ် ဘယ်နည်းနဲ့မှမဟုတ်ဘူး၊ အလကားဘဲ၊ အဲဒီ ခန္ဓာနာမ်ရုပ်ကို တွေ့တော့ ဘာဖြစ်သလဲ၊ အဲဒီ ခန္ဓာနာမ်ရုပ်ကိုတွေ့လျှင် ဘုရားကိုယ်တော်မြတ်က ဘာလဲ-

ခန္ဓသမံ ဒုက္ခံ နာမ နတ္ထိ၊

ခန္ဓသမံ- ခန္ဓာငါးပါးနှင့် တူသော၊ ဒုက္ခံနာမ- ဆင်းရဲခြင်းမည်သည်၊ နတ္ထိ-မရှိတဲ့။

အဲဒီခန္ဓာငါးပါးဟာ ဆင်းရဲတယ်တဲ့၊ အခုတို့ယောဂီတွေ ခန္ဓာငါးပါး တွေ့ပြီ၊ မဆင်းရဲသေးဘူးဆို ဆင်းရဲအောင် ကြပ်ကြပ်အားထုတ်၊ မထုတ်ဘဲနေတော့ ဉာဏ်စခန်းမရောက်ဘဲနဲ့တော့ ဆင်းရဲတာ ကောန်မသိဘူး ဉာဏ်စခန်း ကြပ်ကြပ်ရောက်လေ ဒီခန္ဓာငါးပါးရဲ့ အပြစ်အာဒီနဝတွေ မြင်လာလေပေါ့၊ ကြပ်ကြပ် ဉာဏ်စခန်းက အဘိုးတန်လာလေ၊ ခန္ဓာ

ငါးပါး ရုပ်နာမ်တရားရဲ့ အပြစ် အာဒီနဝတွေနှင့်တကွ ဒုက္ခအစစ်တွေ အဲဒီခန္ဓာငါးပါးဆိုတဲ့ ဒုက္ခအစစ်ကို မတွေ့ဘဲသာဖြင့် နိဗ္ဗာန် ဘယ်တော့မှမရ၊ ခန္ဓာငါးပါး အစစ်ကို ကိုယ်တွေ့ဉာဏ်မြင် တကယ်ထင်ပလား ထင်ပြီ၊တကယ်မြင်ပလား မြင်ပြီ၊ အဲမြင်လျှင် ခန္ဓာငါးပါးကို နောက်တဖန်မလိုချင်ဘူး၊ ဘာပြုလို့လဲ ဒီခန္ဓာငါးပါး ဖြစ်ရလျှင်ဖြင့် ခန္ဓာငါးပါးကြီးဟာ ဒီလိုဘဲ **ကံ, စိတ်, ဥတု, အာဟာရ,** အကြောင်း တရားလေးပါးကြောင့် အဆက်မပြတ် ဒီလိုသာ ဒလစပ်ဖြစ်နေရလျှင် ငါတို့ တော်တော်ကြာ ပဋိသန္ဓေနေရအုံးမယ်၊ကြောက်သွားပြီ၊ တော်တော်ကြာ အိုရအုံးမယ်၊ ပဋိသန္ဓေနေရခြင်း အိုခြင်းရှိက နာခြင်းနဲ့လဲ မကင်းနိုင်၊ ပဋိသန္ဓေနေခြင်း အိုခြင်း နာခြင်း မကင်းလျှင် ငါတို့ သေရအုံးမှာပါကလား၊ ဟော အိုခြင်း နာခြင်း သေခြင်း ပဋိသန္ဓေနေခြင်း ဆိုတဲ့ ဒုက္ခဟာ ခန္ဓာငါးပါးမှ အလွတ်မရှိ၊ခန္ဓာငါးပါးကိုချန်လှပ်၍ ပဋိသန္ဓေနေရတာမရှိ၊ခန္ဓာငါးပါးကို ချန်လှပ်၍ အိုမှုမရှိ၊ ခန္ဓာငါးပါးကို ချန်လှပ်၍ နာမှုမရှိ ခန္ဓာငါးပါးကို ချန်လှပ်၍ သေမှုမရှိ၊ အဲဒီခန္ဓာငါးပါးကို စွဲ၍ ဖြစ်ပေါ်လာတဲ့ ပဋိသန္ဓေနေခြင်း ထိုခန္ဓာငါးပါးကိုစွဲ၍ ဖြစ်ပေါ်လာတဲ့အိုခြင်း ထိုခန္ဓာငါးပါးကိုစွဲ၍ဖြစ်ပေါ်လာတဲ့နာခြင်း ထိုခန္ဓာငါးပါးကိုစွဲ၍ ဖြစ်ပေါ်လာတဲ့သေခြင်း ဒါကြောင့် အစစ်ဒုက္ခတရားဟာခန္ဓာငါးပါး၊ အဲဒီခန္ဓာငါးပါးကိုမြင်လျှင် ဘာဖြစ်မလဲလို့ဆိုတော့ ကိုယ်ပိုင်

ဉာဏ်နဲ့ စဉ်းစားပေါ့၊ ကိစ္စပြီးသွားပြီ၊ ဘယ်လို ကိစ္စပြီးသွားသလဲ၊ ဟောခန္ဓာငါးပါးမြင်မှ သမုဒယတဏှာ ပြတ်ကရောပေါ့၊ အဲ ခန္ဓာငါးပါးကိုမြင်လို့ သမုဒယတဏှာ ပြတ်ကထဲက နိဗ္ဗာန်မျက်မှောက်ပြုနေပြီ။

အဲဒီ ခန္ဓာငါးပါး ဒုက္ခကို မြင်တာ သူတပါး မြင်တာ မဟုတ်ဘူး မဂ္ဂသစ္စာမှမြင်တာ အဲ–စာဆိုတာကတော့ ဆိုလိုက်ထာပေါ့၊ ဘယ့်နဲ့ဆိုလိုက်သလဲ၊ ဟော–မြတ်စွာဘုရားဟောတဲ့ သစ္စာလေးပါး တရားကို လယ်တီဆရာတော် ဘုရားကြီးက အဓိပ္ပါယ် လွယ်လွယ်နဲ့ နားလည်အောင် "**သိ–ပယ်–ဆိုက်–ပွါး**၊လေးပါးကိစ္စ၊ အမှန်ရ၊ မုချပရမတ်" ပရမတ်အစစ်တရားကို ဆရာတော်ဘုရားကြီး ဟောတယ်၊ သိဘို့ဆိုတာလေ ဒုက္ခသစ္စာ ပိုင်းခြားရှုသိ၊ ဟော ဒီခန္ဓာငါးပါး ဒုက္ခအစစ်ပယ်၊ ဟောခန္ဓာငါးပါးကို မလိုချင်လို့ ပယ်တာ၊ ဘာလုပ်ပယ်သလဲ၊ သမုဒယတဏှာ မလိုချင်တော့ သမုဒယတဏှာ ပြတ်တော့ ပယ်ပြီး၊ ဟော ဆိုက်ဆိုတော့ နိဗ္ဗာန် နိရောဓ မျက်မှောက်ပြုသွားပြီ၊ နိရောဓ၊ ပွားဆိုတာ အဲဒါ တချို့က ပွားနေရအုံးမလို ပြောနေတယ်၊ ပွားပြီးပြီ ဘယ်တုန်းက ပွားသလဲ၊ သစ္စာလေးပါး သိတာ မဂ္ဂင် ၈–ပါး ပွားပြီးဖြစ်နေတယ်၊ အဲဒါကြောင့် အသီးတရာ အညှာတခု ပြောတော့ အများကြီးပြောရတယ်၊ လုပ်တော့တခုထဲ။

ရှင်္ကာသယ (က) ၂၁၁–၄

**ဥပမာ**–မီးစာ မီးညှိတာရယ်, အလင်းရောင် ရောက်တာရယ်, အမှောင် ပျောက်တာရယ်, ဆီကုန်တာရယ် လေးခါ ပြောတယ်၊ ကိုင်း အဲဒီလေးကိစ္စ ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားစမ်း၊ မီးစာမီးညှိလျှင် ကိစ္စလေးချက် မပြီးသေးဘူးလား၊ ပြီးသွားပြီ၊ မီးစာမီးညှိထဲက အလင်းရောင်ရောက်ပြီး ဖြစ်နေတယ်၊ အလင်းရောင်ရောက်ထဲက အမှောင်ဘယ်လာရမလဲ၊ ပျောက်သွားရောပေါ့၊ အလင်းရောင်ရောက်လို့ အမှောင် ပျောက်ကထဲက ဘာကုန်သလဲ၊ ဆီကုန်သွားတာပေါ့၊ ဆီကုန်လို့ ငြိမ်းတာပေါ့၊ လင်းလို့ အမှောင်ပျောက်တာပေါ့၊ အဲဒီ မီးစာမီးညှိတာနဲ့ တပြိုင်နက် ကိစ္စလေးချက် ကုန်ပြီ။

ဒါပြောစရာရှိလို့သာ ရှောက်ပြောတာ၊ အခုလဲဒီလိုဘဲ၊ ဒုက္ခသစ္စာ ပိုင်းခြားရှုသိ၊ သမုဒယ သစ္စာပယ်၊ နိရောဓသစ္စာ မျက်မှောက်ပြု၊ မဂ္ဂသစ္စာပွား၊ ပြောစရာရှိလို့ ပြောတာ၊ အဲခု ပြောတဲ့အတိုင်း ယောဂီများအားထုတ်လိုက်တော့ ဒီဝိပဿနာ ဉာဏ်အမြင် ခန္ဓာငါးပါး ရုပ်နာမ်တရား သိကထဲက ဒုက္ခမှန်း သိသွားပြီ၊နို့သော်လည်း သိခြင်းက ရှိသေးတယ်၊အနုဗောဓသိ၊ ပဋိဝေဓသိ၊ယောဂီများအသိဉာဏ်က အနုဗောဓသိခေါ်တယ်၊ မမြဲသေးဘူး၊ ပဋိဝေဓသိဆိုတာက မဂ်ကိုဆိုက်သွားတဲ့ ပုဂ္ဂိုလ်များ သိသွားတာ၊ တခါထည်း ပဋိဝေဓ ထိုးထွင်းပြီးတော့

သိသွားတယ်၊ ဒီအနုဗောဓကို သိရလျှင် အနုဗောဓ မှန်လျှင် ပဋိဝေဓဟာ ကျောကပ်နေတယ်၊ ဘယ်လောက်မှမဝေးဘူး၊ တကယ်အစစ်ကို ပြောတာ၊ အဲဒီတော့ ခန္ဓာ အာယတနဓာတ် ပဋိစ္စသမုပ္ပါဒ်တရားတွေကို ယောဂီများ အမြင်သန်အောင် အခုပြလိုက်ပြီ၊ ပြလိုက်တော့ အားထုတ်ပေါ့၊ ဘာမှအထူး မလုပ်ရဘူး၊ ဝီရိယပေါ့လျှင် တို့လဲမတတ်နိုင်ဘူး၊ ဝီရိယ ကောင်းကောင်းနဲ့ လေးလေးနက်နက် ဒီခန္ဓာအာယတန ဓာတ်တွေ မပြတ်ခန္ဓာထဲမှာ အသစ်အဟောင်းပြောင်း လဲ့ပြီး ဖြစ်ပျက်နေတာကို တခါထဲ စူးစိုက်ပြီးတော့ အဓိပ္ပါယ်တွေ မပေါ် ပေါ်အောင်–

**ကြိမ်ဖန်များစွာ၊ ကြံစီပါ၊ မှန်ရာသိကြောင်းမှတ်၊**
**အမှန်သိမှ၊ သည်ဒုက္ခ၊ လွတ်ရလိမ့်မည်မှတ်၊**

ကြိမ်ဖန်များစွာ ကြံစည်လို့သာ ဒီရုပ်နာမ် နှစ်ပါးဖြစ်ပျက် တွေကို ကြိမ်ဖန်များစွာ ဘာဝိတာ ဗဟုလီ ကတာပွား၊ အဲဒီ လိုအမှန်သိလာလျှင် ဒုက္ခတရား ခန္ဓာငါးပါးဘေးက လွတ် မယ် အဲဒါ ဘုရားကိုယ်တော်မြတ် တရားတော်ကို နားလည် အောင်ဆိုပြီးတော့ စပ်ဆိုထားတာ အခုယောဂီတွေ ရုပ်နာမ် နှစ်ပါးကိုမြင်တာ ဝိဇ္ဇာဉာဏ်အစစ်ဘဲ၊ ဒီဝိဇ္ဇာဟာ ဘာလဲ ဓာတ်ပေါ်အောင် အားထုတ် ဘယ်ဓာတ်လဲ ရုပ်ဓာတ် နာမ် ဓာတ်တွေလေ ခန္ဓာအာယတန ဓာတ်ရုပ် ဓာတ်နာမ် ဓာတ် တရားတွေ ပေါ်အောင်လုပ်ကြ။

**ယောဂီမိတ္တာ၊ ဝေတ်ပညာ၊ လိုက်ပါသည်လုပ်ရပ်၊** ဒါလုပ်ရပ်ခေါ်တာပေါ့၊ တကယ်အစစ် ယောဂီများ သိကောင်း နားလည်ကောင်းတဲ့ တရားထူး တရားမြတ်ကြီးတဲ့နော်၊ ဒါကြောင့် "**ကံ, စိတ်, ဥတု, အာဟာရ,** ဟု အကြောင်းလေးခု ကျေးဇူးပြု၍ လူ၏ကိုယ်မှာ မြန်စွာ ခဏဖြစ်ကပျက်ပြန် မီးလျှံ အသွင် ရေယဉ်ပမာ ရုပ်ခန္ဓာသည် ဘယ်ခါမစဲ ဖြစ်ပျက်မြဲတည်း" ဆိုတဲ့ အတိုင်း မိမိ ခန္ဓာအတွင်းမှာ ဉာဏ်သွင်း၍ ဥက္ကောင်းကအစ ခြေဖျားတိုင်အောင် ပညာဖြင့် ကြည့်ရှုလိုက်လျှင် နေ့မစဲညမစဲ နာရီမိနစ် စက္ကန့်မစဲ တဖွဲဖွဲတသဲသဲ အမြဲတမ်း အသစ်အဟောင်း ပြောင်းလဲနေတဲ့ ခန္ဓာနာမ်ရုပ်တို့၏ မမြဲတဲ့သဘော ဆင်းရဲတဲ့သဘော အစိုးမရတဲ့ သဘောတရားတွေကို ကိုယ်တွေ့ဉာဏ်မြင်နှင့် သိသိပြီး ကြီးစွာသော "သတိ ဝီရိယ" မြဲမြံစွာနှင့် ကြိုးစားပြီးတော့ ထိုခန္ဓာ နာမ် ရုပ်တို့၏ ချုပ်ငြိမ်းရာ အမှန် နိဗ္ဗာန် ရသည်တိုင်အောင် မနေ မနား လေးလေးနက်နက် ပွားများ အားထုတ်ကြကုန်ရာသတည်း။

# ရေစက်ချ

## မဟာနာယက ကျေးဇူးရှင် ဆရာတော်ဘုရားကြီး

နေ့စဉ်မပြတ် ကိုယ်တွေ့ဉာဏ်မြင် ဝိပဿနာ
တရားဟောပြီးနောက် ရေစက်ချ
အမျှပေး၍ သစ္စာဓိဋ္ဌာန်ပြုသော
ဟောစဉ်စာတမ်း

---

အရှင်ဘုရား တပည့်တော်တို့သည် သံသရာတည်းဟူသော ဝဋ်ဆင်းရဲ ဝဲသြဃ ရေအယဉ်မှ ထွက်မြောက်ပါရခြင်း အရဟတ္တဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုပါရခြင်း အကျိုးငှာ သီလ သမာဓိ ပညာ သိက္ခာသုံးပါး သာသနာသုံးရပ် အကျင့်မြတ်ကို လေးမြတ်စွာ အားထုတ်ပါ၏၊ အားထုတ်ရသော ကောင်းမှုအစု ကုသိုလ်အဘို့ကြောင့် ယနေ့ကစ၍ လောက ဒုက္ခ သံသရာဘေးဆိုးကြီးမှ လွတ်မြောက်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုရပါလိုကုန်၏ အရှင်ဘုရား၊ ဤသို့ သီလ သမာဓိ ပညာ သိက္ခာသုံးပါး သာသနာသုံးရပ် အကျင့်မြတ်၏ ကုသိုလ်အဘို့ကို မွေးသမိခင် မွေးသဖခင် ဆရာသမား ဆွေကြီး မျိုးကြီး ဘိုးကြီး ဘွားကြီးတို့ကို အမျှပေးဝေ ပါကုန်၏။ ကိုယ်စောင့်နတ် ကျောင်းစောင့်နတ် အိမ်စောင့်နတ် အရံစောင့်နတ် ရွာစောင့်နတ်, မြို့စောင့်နတ်, တိုင်းစောင့်နတ်,

တောစောင့်နတ်, တောင်စောင့်နတ်, ဘုမ္မစိုး ရုက္ခစိုး အာကာသစိုးနတ်, စတုလောကပါလနတ်, သာသနာတော်စောင့်နတ်, နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့ကို အမျှပေးဝေပါကုန်၏၊ သိကြားအသုရာ သန္တုဿိတာ စသော နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့ကို အမျှပေးဝေပါကုန်၏၊ အထက်ကိုဘဝဂ် အောက်ကိုအဝီစိ နှံ့ သိစကြဝဠာ ဖီလာ ထုတ်ချင်း အကြွင်းမရှိ သုံးဆဲ့တဘုံ ကျင်လည်ကုန်သော ဝေနေယျသုခိတ ဒုက္ခိတ သတ္တဝါ အပေါင်း တို့အား အမျှပေးဝေ ပါကုန်၏၊ အလုံးစုံသော သတ္တဝါအပေါင်းတို့သည် ကျွန်ုပ်တို့ပြုအပ်သော သီလ သမာဓိပညာ သိက္ခာသုံးပါး သာသနာသုံးရပ် အကျင့်မြတ်၏ ကုသိုလ်အဘို့ကို အကျွန်ုပ်တို့နှင့်ထပ်တူထပ်မျှ အမျှရ၍ ချမ်းသာကြတဲ့ကိုယ် ဖြစ်ကြပါစေကုန်သတည်း။

## သစ္စာဓိဋ္ဌာန်ပြုရန်

တို့ဒီဌာနမှာ တရားနာ ရောက်လာကြတဲ့ ပရိသတ်အပေါင်းအား နေ့စဉ်နေ့တိုင်း တရားနာအပြီး ရေစက်ချအမျှဝေတဲ့ အခါမှာ ချမ်းသာစွာ တရား အားထုတ်နိုင်အောင် အလုံးစုံသော ဘေးအမျိုးမျိုး ရန်အမျိုးမျိုးမှလွတ်ဝေး ချမ်းသာအောင် ဆိုပြီးသကာလ သစ္စာဆိုခိုင်းတယ်၊ သစ္စာဆိုတဲ့အခါမှာလဲ ကယ်မည့်သူ ပေါ်ပါစေလို့ ထည့်ဆိုတာကိုး ဒီတော့ အချို့ကပြောကြတယ် ဘာဖြစ်

လို့ ကယ်သူကို တောင့်တ ရမလဲတဲ့ ကိုယ့်ကုသိုလ် အစွမ်းနဲ့ ကိုယ်တခါတည်း ရဲရဲဝံ့ဝံ့သစ္စာဆိုပါလားတဲ့၊ ဒီလို ပြောတယ်၊ ဟုတ်တယ် သူတို့ပြောတာလဲ ကိုယ့်အစွမ်းနဲ့ ကိုယ် ဆိုတာလဲရှိတယ်၊ ကယ်သူပေါ်ပါစေလို့ ဆုတောင်းတာလဲရှိ တယ်၊ သစ္စာဆိုတာ ကယ်သူပေါ်ပါ စေလို့ မတောင်းဘဲ ကိုယ့်အစွမ်းနဲ့ ကိုယ်ဆိုတာလဲ တို့နိပါတ်ထဲမှာ တွေ့ဘူးပါတယ် ဘယ်လိုတွေ့ဘူးသလဲ ဆိုတော့။

## ရသေ့နှင့် သူကြွယ်လင်မယား

ရသေ့ရယ်, သူကြွယ်ရယ်, သူကြွယ် ကတော်ရယ် သား ကလေး တယောက်နဲ့ တခုသောကျောင်းသင်္ခမ်းမှာ ပဋိသန္ဓာ ရစကား ပြောနေတဲ့အခါ ကလေးလေးက သူငယ်ဖြစ်သော ကြောင့် ဂျင်မွေ့ပြီး ကစားနေတယ်၊ အဲဒီလို ကစားနေရာက တောင်ပို့ခေါင်းထဲ ဂျင်ကလေးက ဝင်သွားရော၊ ဝင်သွား တော့ ကလေးဘဲ ဘာသိမလဲ သူ့ဂျင်သူလိုချင်တာနဲ့ အတင်း နှိုက်ကရော၊ နှိုက်တော့ တွင်းခေါင်းထဲမှ မြွေကထွက်ကိုက် တာပေါ့၊ မြွေကိုက်လိုက်တော့ ကလေး တုံးကနဲလဲသွားရော၊ မိဘများဟာ ဘယ်လောက်ချစ်သလဲလို့ တကတဲ ပျာပျာသလဲ ထလာပြီးတော့ အဖေကခေါင်းပိုင်းကချီ အမေကခြေပိုင်းက ချီပြီးတော့ တခါထဲရသေ့ရှေ့မှာ သွားချတယ်၊ အရှင်ဘုရား တပည့်တော်သားကို ကယ်တော်မူပါဘုရား ကယ်တော်မူပါ ဘုရားလို့ လျှောက်ထားတော့၊ ဟဲ့-ငါဘာမျှ မတတ်နိုင်ဘူး

ဟဲ့တဲ့ ရသေ့က၊ ဟာအရှင်ဘုရား တတ်နိုင်မတတ်နိုင် ကယ်တော်မူပါဘုရား၊ သူတို့ကလဲ ဇွတ်ပြောတာဘဲ ကဲဒါဖြင့် ကောင်းပြီ ငါသစ္စာဆိုမယ်တဲ့၊ ရသေ့သစ္စာဆိုတာ မှတ်ထားကြနော်။

ငါသည် သူတော်အလုပ်နဲ့ ရသေ့အဝတ်ကို ဝတ်လာတာ ဝတ်ခါစ ၇-ရက်သာ ပျော်တယ်တဲ့၊ အဲဒီကလွန်ပြီး ငါအခု အနှစ်ငါးဆယ်တိုင်တိုင် မပျော်ဘဲနဲ့နေရတာ မှန်ပါတယ်၊ မှန်သောသစ္စာစကားကြောင့် ထိုကလေးမှာစွဲကပ်တဲ့ မြွေဆိပ်သည် လျော့ကျပါစေသတည်းလို့ အဲဒီလို သစ္စာဆိုလိုက်တော့ ကလေး မျက်စိဖွင့်ကြည့်တယ်၊ ဖွင့်ကြည့်တော့မှ ရသေ့က ပြောတာပေါ့၊ ဟဲ့သူကြွယ် ငါ့တာဝန်ကုန်ပြီတဲ့၊ နင့်တာဝန် ကျန်သေးတယ်၊ အဲဒီလိုဆိုတော့ သူကြွယ်က သစ္စာဆိုတယ်၊ သူကြွယ်ဆိုတာလဲမှတ်ထားအုံး။

အကျွန်ုပ်သည် လာလာသမျှသောအလှူခံ ဖုန်းတောင်းယာစကာတို့ကို ဘယ်သူကိုမှ မလပ်အောင် ပေးကမ်းလှူဒါန်းရတယ် ဘယ်လိုပင် ပေးကမ်း လှူဒါန်းရသော်လဲ တခါမှ မသဒ္ဓါဘူးတဲ့၊ မသဒ္ဓါသော်လဲ သူလှူရတာမှန်ပါတယ်တဲ့၊ မှန်သော သစ္စာစကားကြောင့် သူ့သားဝေဒနာ ပျောက်ပါစေသတည်းလို့အဲဒီလိုဆိုလိုက်တော့ ကလေးမြွေဆိပ်ဟာ တခါထဲ ခါးလယ်လျော့ကျ သွားတယ်၊ ဒီတော့ ဟဲ့သူကြွယ်ကတော် နင့်အလှည့်ကျန်တော့တယ် အဲဒီတော့ သူကြွယ်ကတော်ကဆို

ရပြန်တာပေါ့၊ ဘယ်လိုပြောသလဲ၊ မောင်ရင်ကျွန်မ သစ္စာဆို ရမှာဖြင့် မောင်ရင်သူကြွယ် တခြားသွားပါ၊ သူကြွယ်ရှေ့မှာ သူမဆိုဝံ့ဘူး၊ ဒီတော့သူကြွယ်ကဘယ်လိုပြောသလဲ၊ ဟဲ့ရှင်မ ငါ့သားအသက်သာ ရှင်ပါစေ သင်ဆိုချင်ရာဆိုတဲ့၊ ကောင်း ပါပြီဆိုပြီးတော့ သူကြွယ်ကတော်သစ္စာဆိုတာမှတ်ထားကြ။

ကျွန်ုပ်သည် သူကြွယ်နှင့် မိဘနှစ်ပါး သဘောတူ ပေးစားလို့ ပေါင်းသင်းဆက်ဆံလာတာ သားတယောက် ရခဲ့ပါပြီ၊ သူကြွယ်ကို သူသည် လင်ဟူ၍ တခါမှအမှတ်မထားခဲ့ပါဘူး၊ ဤသစ္စာအတိုင်း မှန်ပါလျှင် သူ၏သားရောဂါသည် ပျောက်ပါစေသတည်းလို့ ဆိုလိုက်တော့ဟောကလေးလေး ထကစားတယ်။

အဲဒီတော့မှ သူကြွယ်ကတော်က ထိတ်လန့်ကာ သူကြွယ်ကတော်က သူဟာ တသက်လုံး ဖုံးဖိပြီးတော့ လင်ဝတ်ကို ကျေပွန်အောင် ဆောင်ရွက်လာတယ်၊ အခုဒီနေရာကျတော့ သားအတွက်ကြောင့် ပေါ်သွားတယ်၊ ဒီတော့ သူကြွယ်က မေးတာပေါ့၊ အေးသူကြွယ်ကတော် သိပ်အံ့သြစရာကောင်းတယ်၊ မင်းမချစ်ဘဲနဲ့ ပေါင်းသင်းဆက်ဆံနေတာ အံ့သြပါရဲ့ကွယ်၊ မချစ်ရင် ကွာပစ်လိုက်ပါလားလို့ ဆိုတော့ အောင်မယ် သူကြွယ်ပြောတော့ လွယ်လိုက်ထာ ကျုပ်တို့အမျိုးက တလင်ကနှစ်လင် ပြောင်းရိုး ထုံးစံမရှိဘူးတဲ့၊ ဒါကြောင့်မို့လို့ အောင့်အည်းပြီးနေလာရတာအမှန်ဘဲတဲ့၊ခုတော့ သူကြွယ်တဲ့

မကျွနိုင်တဲ့အတူတူ ဒီနေ့ကစ၍ ချစ်ပါတော့မယ်လို့ဆိုလိုက်တော့ ဟောသီလတည်သွားတယ်။

ဒီတော့ ရသေ့ကမေးပြန်ရော၊ ဟဲ့သူကြွယ်တဲ့ သင်ဟာ မသဒ္ဓါရင် မလှူဘဲ နေပါလားလို့ဆိုတော့ အရှင်ဘုရားပြောတော့ လွယ်တယ်တဲ့၊ တပည့်တော်အမိအဘ အဘိုးအဖွားက ဆင်းသက်၍ အမြဲလှူလာတာ တပည့်တော် လက်ထက်ကျမှ မလှူဘဲနေလို့ရှိလျှင် အများကဲ့ရဲ့မှာစိုးလို့ လှူရတာတဲ့၊ လှူရတဲ့ အတူတူတော့ ဒီနေ့ကစပြီး သဒ္ဓါပါတော့မယ် ဘုရားလို့ လျှောက်တယ်၊ ဟောသဒ္ဓါဖြစ်သွားပြီ၊သူကြွယ်ကလဲ အရှင်ဘုရားမပျော်ရင်လူထွက်ပါလားတဲ့၊ဟဲ့သူကြွယ်သင်ပြောတော့ လွယ်လွယ်လေးရယ်၊ ငါမပျော်တာ အမှန်ဘဲတဲ့၊ လူထွက်သွားရင် ဘုန်းကြီးလူထွက်လို့ အများကကဲ့ရဲ့မှာ ငါ့ရှက်လို့ ငါမထွက်တာတဲ့၊ မထွက်နိုင်တဲ့ အတူတူတော့ ငါဒီနေ့ကစ၍ ပျော်ပျော်ဘဲ နေပါတော့မယ် ဆိုပြီး ဟိမဝန္တာ တောကို ကြွသွားတယ်၊အဲဒါ ကယ်သူကိုမတောင့်တဘူး သူတို့အတိုင်း သူတို့ဆိုတာ၊ကယ်သူကို တောင့်တပြီး သစ္စာဆိုတာလဲ ရှိတယ်၊ ဘယ်လိုလဲလို့ဆိုတော့—

## သုဇာတာသူဌေးသမီး

တို့ သူဌေးသမီး သုဇာတာ ငယ်စဉ်က သူဌေးသား တယောက်နဲ့ မိဘနှစ်ပါး သဘောတူ ပေးစားလို့ တိုင်းစွန်

ပြည်ဖျားမှာ သွားပြီးတော့ အကြင်လင်မယား ဖြစ်ပြီး ပေါင်းသင်း ဆက်ဆံနေကြတယ်၊ သုံးနှစ် သုံးမိုးလောက် ကြာတဲ့အခါကျတော့ မိဘရပ်ထံသွား၍ ဖူးမြင်ချင်တဲ့အတွက် ခင်ပွန်းသည် လင်ယောကျ်ားကိုတိုင်ပင်တယ်၊အမောင် ကျွန်ုပ် မိဘများကို ဖူးမြင်ချင်တယ်လို့ ဆိုတော့ အေးအေးဒါဖြင့် သွားတာပေါ့ဆိုပြီး ကောင်းစွာ မွန်စွာ လှည်းကလေးနဲ့ စား နပ်ရိက္ခာများတင်ပြီး သကာလ သွားကြတယ်၊မြို့နားရောက်တဲ့ အခါ လင်မယားနှစ်ယောက် လှည်းကလေးနဲ့မြို့တွင်း ဝင်လာ ကြတာပေါ့၊ အဲဒီအခါမှာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ ဗြဟ္မဒတ်မင်းက ဆင်တော်စီး၍ တိုင်းခန်း လှည့်လည်ပြီးလာ တဲ့အခါ ထိုသုဇာတာ သူဌေးသမီးကလဲ လှည်းနောက်က လိုက် သွားတာ ဘုရင်ကမြင်လိုက်တော့ သုဇာတာရဲ့ ရူပါရုံ နိမိတ်ကို မြင်တာနဲ့ ရှင်ဘုရင်က အင်မတန် နှစ်သက်တာကိုး၊ အဲဒီလို နှစ်သက်ခြင်း ဖြစ်တော့ ဟဲ့ဒီ ကလေးမမှာ ခင်ပွန်းသည်ရှိ သလား သွားမေးစမ်းလို့ မင်းချင်းတယောက်ကို လွှတ်ပြီး အမေးခိုင်းတယ်။ မေးတော့ လှည်းပေါ်က လှည်းမောင်း သွားတဲ့ လူဟာ သူ့ယောကျ်ားပါလို့ ပြန်ပြောလိုက်တယ်၊ အဲဒီအကြောင်း ရှင်ဘုရင်ထံ ပြန်ပြောတော့ ဟာဒီလိုဆိုရင်ဖြင့် သူ့လင်သတ်ပြီးတော့ သူ့မယားယူမှဘဲလို့ ရှင်ဘုရင်လုပ်တဲ့ လူက ဘယ်လောက် အကောက်ကြံသလဲ ယုတ်မာပုံ သူ၏ ဥသျှောင်ကို ယူသွားပြီး လှည်းနောက်က လိုက်သွား လှည်း

ထဲမှာ ခိုးထုပ်အဖြစ် ဝှက်ထားခဲ့ဆိုပြီး ခိုင်းလိုက်တော့ မင်းချင်းတွေ ရှင်ဘုရင်၏ အမိန့်အတိုင်း လိုက်နာရတာပေါ့၊ လှည်းနောက် လိုက်သွားပြီး အမှတ်တမဲ့ လှည်းထဲမှာ ဝှက်ပစ်ခဲ့ရော ဝှက်ပစ်ခဲ့ပြီးတော့ ဘုရင်၏ ဥယျောင်တော် ပျောက်တယ်လို့ တိုင်းပြည်မှာ ဥက္ကောဒေးယျ ဖြစ်ကရောပေါ့၊ အဲဒီလို ဥက္ကောဒေးယျဖြစ်တော့ တံခါးတွေပိတ် ထွက်တဲ့လူမဝင်စေနဲ့၊ ဝင်တဲလူ မထွက်စေနဲ့ဆိုပြီး တခါတဲ အိမ်ပေါက်စေ့ လိုက်ရှာကြတာပေါ့၊ ဘယ်လာရမလဲ၊ သူတို့ဝှက်ထားခဲ့တဲ့လှည်းထဲမှာ တွေ့တာပေါ့၊ ဟယ်သူခိုးမိပြီ ဖမ်းဟဲ့ဆိုပြီးတော့ ချက်ချင်းလက်ပြန်ကြိုးတုပ်ပြီး နှောင်ကြိုးတည်းပြီးတော့ တခါတည်းဖမ်းသွားရော၊ ရှင်ဘုရင်ကို သွားပြတော့ ဟာ–သူခိုးတို့ သွားရာလမ်း လိုက်စေဆိုပြီးတော့ အမိန့်ချလိုက်ထာပေါ့၊ ဒီတော့ သုသာန်ထုတ်ပြီး သတ်ရတော့မှာ၊ အဲဒီမှာ သုဇာတာ သူဌေးသမီးဟာ အကုန်လုံးပစ္စည်းတွေ ပစ်ခဲ့ပြီးတော့ လင့်နောက်ဘခါတည်းလိုက်ထာ၊ လိုက်သော်လဲ သူဘာတတ်နိုင်မလဲ သူကမိန်းမသားဘဲ၊ သူဘာအားကိုးရသလဲ၊ သစ္စာဘဲ အားကိုးရတယ်၊ ဘယ်လိုသစ္စာ သူအားကိုးရသလဲဆိုတော့။

သူသည် မိဘနှစ်ပါးသဘောတူပေးစားလို့ထိုယောကျ်ားနဲ့ အကြင် လင်မယား ဖြစ်လာတာကြာပါပြီတဲ့၊ တပါးသော ယောကျ်ားကို စိတ်မှ မပြစ်မှားခဲ့ဘူးပါ၊ ဤအတိုင်း မှန်ပါတယ်တဲ့၊ မှန်သော သစ္စာစကားကြောင့် သူ၏ လင်ယောကျ်ား

ကို ကယ်မသူပေါ်ပေါက်ပါစေ သတည်းလို့ ဟော-ကယ်သူကို တောင့်တတယ်။

ကယ်သူကို တောင့်တလိုက်တော့ သိကြားမင်း ဘယ်နေနိုင်တော့မလဲ၊တခါတည်း အမြန်ဆင်းလာရတာပေါ့ မင်းချင်းတွေကလဲ ဒီသုဇာတာရဲ့ ယောကျ်ားကို စဉ်းတီတုံးပေါ်မှာ လည်ပင်းတင်ထားပြီး လက်မရွံ့ အာဏာသားတွေက လည်ပင်းကို ဖြတ်မယ်လို့ ဒါးနဲ့မိုးထားပြီ ရှင်ဘုရင်ကလဲ မိမိရွှေတွင်သတ်တာမြင်ချင်လို့ ဆင်တော်ပေါ်က ကြည့်နေတယ်၊ အဲဒီအခါမှာ သိကြားမင်းလှည့်လိုက်တာ သုဇာတာ ယောကျ်ားနဲ့ သုဇာတာက ဆင်ပေါ် ရောက်နေတယ်၊ ရှင်ဘုရင်က စဉ်းတီတုံးပေါ်မှာ လက်မရွံ့ အာဏာသားက ဖြတ်လိုက်တော့ ရှင်ဘုရင် ခေါင်းပြတ်သွားရော၊ ခေါင်းပြတ်သွားတော့ သိကြားမင်းက ကောင်းကင်မှ ရပ်တည်ပြီး ဟဲ့ တိုင်းသူပြည်သားများတဲ့ ငါမကောင်းသူကိုပယ်၍ ကောင်းသူကို ကယ်ခဲ့ပြီတဲ့၊ သင်တို့တိုင်းသူ ပြည်သားများ မကောင်းတဲ့ မင်းယုတ်မာကို ပယ်ဖျောက်၍ ကောင်းတဲ့ သူတော်ကောင်းမင်းကို ဒီကနေ့က စ၍ ကိုးကွယ်ကြဆိုပြီး သိကြားမင်းက တခါတည်း ဘိသိက် သွန်းပြီးတော့ ပေးခဲ့တယ်။

အဲဒီတော့ တိုင်းသူပြည်သားများက သိကြားမင်းပေးတဲ့ မင်းဟဲ့ သိကြားမင်းပေးတဲ့ မင်းဟဲ့လို့ အင်မတန် လေးစားကြတယ်၊ အဲဒီအခါမှာ သုဇာတာ၏ ယောကျ်ားက တရားသဖြင့်

ဆုံးမလို့ တိုင်းသူ ပြည်သားတွေကို တရားနှင့်အညီ အကျင့်ခိုင်းတော့ သေကုန် သေကုန်တဲ့အခါ အကုန်နတ်ပြည် ရောက်ကုန်ကြတယ်၊ ရောက်မှာပေါ့ ဒီသုဇာတာ ယောကျ်ားက တခြားလူမှမဟုတ်ဘဲ တို့ဘုရားအလောင်းဘဲ၊ သုဇာတာက တို့မယ်ယသော် အလောင်း၊ အဲဒါ သစ္စာဆိုတာ သေသေချာချာ ကြည့်ထား၊ ဒါကြောင့် တို့ဒီကဆိုတဲ့ လူတွေကလဲ ကျကျနန သစ္စာဆို၍ လေးလေးနက်နက် ဆိုကြပါလို့ ဘုန်းကြီးက ပြောတာ၊ နောက်ရှိသေးတယ်။

## သမ္ဘုလမိဖုရား

တို့သောတ္တိသေန မင်းကြီးဟာ နူနာရောဂါစွဲတဲ့ အတွက်ကြောင့် တိုင်းပြည်မှာ မနေနိုင်ဘဲနဲ့တောထဲ ထွက်သွားရတယ်၊ တောထဲရောက်တဲ့အခါကျတော့ သစ်ခက်တဲနန်းများ ဆောက်လုပ်ပြီးသကာလ သမ္ဘုလမိဖုရားက နေ့စဉ်မပြတ် သစ်သီးဝလံများ (သစ်သီးဆိုတာ အပင်က သီးတာ ဝလံဆိုတာ အနွယ်ကသီးတာ) အဲဒီသစ်သီးဝလံများ ရှာကြံပြီးတော့ အမြဲကျွေးမွေးနေရတယ်၊ တနေ့ကျတော့ လမ်းမှားပြီး တာနော ရက္ခိုက်ဘီလူး အုပ်စိုးတဲ့ ရေကန်ကို ရောက်သွားတယ် မိဖုယားကြီးဟာ မောပန်းတာနဲ့ ရေကန်ထဲဆင်းပြီး ရေချိုးတာကိုး၊ ရေချိုးတော့ တာနောရက္ခိုက် ဘီလူးက သူ့ကို ဝေဿဝဏ်နတ်မင်းကြီးက ရေကန် အပိုင်စား ပေးထားတာ

ကိုး၊ သူ့ရေကန်ထဲ ဆင်းလို့ရှိရင်ဘယ်သူ မဆိုစားစေ့ အပိုင်စား ပေးထားတော့ ဟဲ့ သင် ငါ့လက်ထဲရောက်နေပြီ၊ ငါပိုင်တယ် ငါစားမယ် ဝါးမယ်ငါ့အစားမခံချင်ရင်သင်ငါ့ကိုကြိုက်ရမယ်၊ ငါ၏နန်းတော်မှာ သင်နေရမယ်ဆိုတော့ သမ္ဘူလ မိဖုရားက ဘာပြောသလဲ၊ ငါသည်တဲ့ သောတ္ထိသေနမင်းနှင့် အကြင် လင်မယားအဖြစ်ဖြင့် နေလာတာ ဘယ်အခါမှ တပါးသော ယောကျ်ားကို စိတ်ဖြင့် မပြစ်မှားမိခဲ့ဘူးတဲ့၊ ကျုပ်သီလအပျက် မခံနိုင်ဘူးလို့ အတင်းငြင်းတာ အဲဒီလိုဆိုနှင့်ကို ငါစားရမယ် ဆိုတော့ စားချင်စားပါဆိုပြီး အဲဒီနေရာမှာ သစ္စာဆိုတာဘဲ။ သူသည် သောတ္ထိသေန မင်းကြီးနှင့် မိဘ နှစ်ပါးပေးစားလို့ အကြင်လင်မယားဖြစ်လာတာ ပေးစားတဲ့နေ့ကစ၍ ယခုတိုင် တပါးသော ယောကျ်ားကို စိတ်ဖြင့်မပြစ်မှားခဲ့ဘူးပါတဲ့၊ ဤ သစ္စာအတိုင်း မှန်ပါက ကယ်သူ ပေါ်ပေါက်ပါစေသတည်း လို့ ဆိုလိုက်တော့ သိကြားမင်းကိုယ်တိုင်ဘဲ ကယ်သူတောင့် တလို့ လာရတာဘဲ၊ အဲဒီတော့မှသိကြားမင်းက ဟော့တာနေ့ နင်ဘာလုပ်တာလဲ ဆိုပြီး ခြိမ်းချောက်ပြီးတော့လုပ်မှသမ္ဘူလ မိဖုရား ချမ်းသာစွာ လွတ်လာရတယ်၊ အဲဒါထက် ကျဉ်း မြောင်းတဲ့ ဒုက္ခတွေ ရှိသေးတယ်။

ဒါနဲ့ သူပြန်သွားလို့ သောတ္ထိသေန မင်းကြီးထံ ရောက် တော့ ဘယ့်နဲ့လဲ သင် အချိန်နဲ့ ပြန်မလာဘူး၊ သူ့ရုပ်က လေးကလဲ သိပ်ချောသိပ်လှ တောထဲမှာ ဆိုရင် ဇော်ဂျီတပယ်သီ

တို့ တောလယ်မှုဆိုးအမျိုးမျိုးရှိတာ သူကေန် မုချ တယောက်ယောက်နဲ့ လင်ငယ်ထားလို့သာ ဒီလိုအချိန်မို့ မရောက်ထာဘဲလို့ စွပ်စွဲတာဘဲ၊ စွပ်စွဲတော့ကာ သမ္ဘူလမိဖုရားက ဘယ့်နဲ့လုပ်ပြီးတော့ ထုချေလို့ကော ရအုံးမှာလဲလို့ သက်သေလဲမရှိဘူး၊ နှင်ဘယ်လိုပြောပြော ငါမယုံဘူးဆိုတော့ ဘယ့်နဲ့လုပ်မလဲ သက်သေလဲ မရှိဘူး၊ အဲဒီအခါမှာ အခက်ဆုံးပေါ့၊ ဒီတော့မှ ကောင်းပြီ အရှင်အကျွန်ုပ် သစ္စာဆိုပါမယ်တဲ့၊ ကျွန်ုပ်ဟာ တာနေဘ ဘီလူး လက်က သစ္စာ ဆိုလို့လွတ်လာတာ မှန်ပါတယ်တဲ့၊ မှန်သောသစ္စာ စကားကြောင့်သင်မင်းကြီးမှာ စွဲကပ်တဲ့ ဝေဒနာတို့သည် ပိန်းကြာဖက်တွင်ရေမတင်ဘိ သကဲ့သို့ ပျောက်ကျပြီးတော့ ပျောက်ကင်းပါစေသတည်းလို့ ဆိုပြီး ရွှေခရားနှင့် ဥက္ကောင်းက လောင်းချလိုက်တာတခါတည်း ပကတိအတိုင်းရွှေအဆင်းကဲ့သို့ လှပတင့်တယ်ခြင်းရှိပြီး သကာလ ဝေဒနာတွေအကုန်ပျောက်ကင်းစင်ကြယ်သွားတယ်၊ အဲဒါသစ္စာပေါ့။

လက်ဦးဟာတုန်းက ကယ်သူကို တောင့်တတာ မှန်တယ်၊ ဟော နောက် သောတ္တိသေနကို ရေလောင်းတော့ ကယ်သူကို မတောင့်တဘူး၊ အဲဒါ လူများဟာ ကြံဖန် ကဲ့ရဲ့ကြတာဘဲ၊ ဘယ်အကုန် လိုက်ပြောနိုင်မလဲလို့ အဲဒီလိုဘဲ တောင့်တတဲ့လူလဲရှိ၊ မတောင့်တတဲ့လူလဲရှိတာဘဲ၊ ဟောဘယ်သူမှ ကယ်သူကိုမတောင့်တဘဲနဲ့ သစ္စာဆိုတာ ရှိသေးတယ်။

# မိဘလုပ်ကျွေးသူ

အဲ–အခု တို့ဒကာဒကာမတွေ မိဘကို တကယ်လုပ်ကျွေးတဲ့ ပုဂ္ဂိုလ် ဒီပရိသတ်ကြီးထဲမှာပါရင် သိပ်ကောင်းမှာဘဲ၊ဟိုဇမ္ဗူဒိပ်ကျွန်းက လှေထိုးသား အဖြစ် သီဟိုဠ်ကျွန်းကို ကုန်ရောင်းကုန်ဝယ် လှေမှာ လိုက်သွားလို့ ကျွန်းကို ရောက်တဲ့အခါ သီဟိုဠ်ကျွန်းမှာ ဘာဖြစ်နေသလဲ၊ သဲမိုးကြီး ရွာနေတယ်၊ ကပ်ကြီး ဆိုက်နေတယ်၊ အင်မတန် ဒုက္ခရောက်နေကြတာပေါ့၊ ဘယ်လို နည်းနဲ့မှ သဲမိုးကြီးကို ငြိမ်းအေးအောင် လုပ်လို့မရဘူး၊ ဒီတော့ ရှင်ဘုရင်က ပုဏ္ဏားဖြူ ပုဏ္ဏားညိုတွေကို မေးတော့ ပုဏ္ဏားဖြူ ပုဏ္ဏားညိုတွေက နက္ခတ်တာရာများတွက်ချက်ကြည့်ပြီး လျှောက်ထားကြတယ်။ ဘုရင်မင်းမြတ်–မိဘကို လုပ်ကျွေးတဲ့သူများ သစ္စာဆိုရင် ပျောက်ပါတယ်တဲ့။ ဒါဖြင့် ငါ့တိုင်းပြည်မှာ မိဘ လုပ်ကျွေးတဲ့ လူ ရှာဟဲ့ဆိုတော့ တခါတည်း တိုင်းပြည်မှာ မောင်းကြေးနင်း ခတ်ပြီးတော့ မိဘလုပ်ကျွေးတဲ့လူရှာတာ၊အဲဒါတို့ဒကာ ဒကာမတွေ နားထောင်ကြည့်စမ်း၊ တတိုင်းပြည်လုံး မိဘလုပ်ကျွေးတဲ့လူ ရှာမရဘူး၊ ဒါတောင် သူတို့ သဲမိုးရွာခံနေရတာ အံ့ဩဘို့ မကောင်းဘူးလား။ ဒို့ဒီမှာလဲ ဒကာ ဒကာမတွေကြည့်စမ်း၊ တကယ့်ရောဂန္တရ ကပ်ကြီးလဲဆိုက်၊ သတ္ထန္တရကပ်ဆိုတာလဲ သတင်းစာထဲမှာ နေ့တိုင်း ကြားရတယ်။ သူ့သတ် ငါ့သတ်နဲ့ အခု

သတ်နေကြတာမှ တကယ် သတ်နေကြတာ။ အဲဒါတွေဟာ အင်မတန် ကြောက်ဘို့ကောင်းတာ။

အဲဒီလို မောင်းကြေးနင်း လည်ခတ်တာ ဘယ်မှမရဘူး၊ မရတော့ သီဟိုဠ်ကျွန်းမှာ ခုနတုန်းက ဇမ္ဗူဒိပ်ကျွန်းက လှေ ထိုးလိုက်သွားတဲ့ လူက ငယ်စဉ် တောင်ကျေး အကလေးက မိဘကို လုပ်ကျွေးတဲ့ လူဟာ အရှင်မင်းဘုရားတို့ ဘာမောင်း ခတ်တာလဲ ဆိုတော့၊ မောင်ရေ မိဘ လုပ်ကျွေးလာတဲ့လူ ဒို့ လိုက်ရှာတယ်၊ ဟာကျွန်တော်ဟာ မိဘလုပ်ကျွေးတဲ့ လူပါ၊ ဟာဒါဖြင့် လိုက်ခဲ့ပါဆိုပြီးတော့ တခါတည်းခေါ်သွားတယ်၊ ခေါ်သွားပြီး ရှင်ဘုရင် ရှေ့တော်ရောက်တဲ့ အခါကျတော့ အမတ်ကြီးတွေက ဘုရင်မင်းမြတ် ဟောဒီသူငယ်ဟာ မိဘလုပ် ကျွေးတဲ့ လူပါဘဲလို့ လျှောက်တယ်၊ ကိုင်းကိုင်းမောင်ရင် မင်းမိဘ လုပ်ကျွေးတာ မှန်ရင် သစ္စာဆိုပါ၊ ဒီတော့ သူသစ္စာ ဆိုတယ်။

ကျွန်ုပ်သည်–တဲ့ ငယ်စဉ် တောင်ကျေး အကလေးဘဝ သိကြား လိမ္မာတဲ့ အခါကစ၍ မိဘတို့ကို လုပ်ကျွေးလာပါ တယ်၊ အဲဒီ မှန်သော သစ္စာ စကားကြောင့် သဲမိုးဃ်းကြီး ငြိမ်းအေးပါစေ သတည်းလို့ သစ္စာဆိုလိုက်တာ တခါတည်း တပြိုင်နက်တည်း သဲမိုးဃ်းကြီး ငြိမ်းအေးသွားတယ်။

အဲဘယ်လောက် သစ္စာတန်ခိုး ကြီးသလဲ၊ အဲဒါသစ္စာ တန်ခိုးတွေ၊ အဲသည်လို သစ္စာတန်ခိုးနဲ့ သဲမိုးဃ်းကြီးငြိမ်းအေး

သွားတော့ ဒိဋ္ဌမမ္မ မျက်မှောက်မှာလဲ အကျိုးပေးပြီ၊ ရှင်ဘုရင်ကလဲ ဆုတော်လာဘ်တော်တွေ ချ၊ တိုင်းသူပြည်သား တွေကတော့ ဘယ်နေနိုင်တော့မလဲ ဒီပုဂ္ဂိုလ်ကို သူ့ထက်ငါကောင်း ဝိုင်းအုံပြီးသကာလ ဆုတော်လာဘ်တော်တွေ ချကြတာပေါ့၊ အဲဒါ မိဘကိုအရိုအသေ လုပ်ကျွေးတဲ့ကျေးဇူးဟာ အင်မတန်ကြီးတာ ဒို့ ဒီပရိသတ်ကြီးထဲမှာလဲ မိဘလုပ်ကျွေးတဲ့ လူပါရင် ဆိုစမ်းပါ၊ သိပ်ကောင်းတာဘဲ၊ ဒီကပ်ကြီးထဲမှ လွတ်သွားအောင် ဆိုပြီးတော့ အဲဒီသစ္စာဆိုတာကို ဘယ်သူက ဘာပြောပြော မတုန်လှုပ်ကြနဲ့၊ ဒို့က ပြောသံကြားတယ် ဘယ်လိုကြားသလဲဆိုတော့ သစ္စာဆိုတာဟာတဲ့ ကိုယ့်ကိုယ်အားကိုးဆိုပါလားတဲ့ ကယ်သူ ပေါ်စေသတည်းလို့ ဆိုနေရအုံးမှာလားတဲ့။ အဲသူ့ဟာက ကြံပြီးကဲ့ရဲ့တာ ကယ်သူပေါ်ပါစေလို့ ဆိုတာ ဘုန်းကြီးပြောတာ ဘယ်နှစ်ယောက်လဲ သမ္ဗုဒ္ဓလမိဖုရား ကယ်သူပေါ်ပါစေလို့ သစ္စာဆိုတယ်၊ ခုနတုန်းက ရသေ့တို့ သူကြွယ်တို့ သူကြွယ်ကတော်တို့က ကယ်သူ မတောင့်တဘူး၊ ပြီးတော့ သမ္ဗုဒ္ဓလမိဖုရားနောက်တခါ သောတ္ထိသေနမင်းကို ရေနဲ့လောင်းပြီး သစ္စာဆိုတဲ့အခါကျတော့ ကယ်သူကို မတောင့်တဘူး၊ ဟော ခုနတုန်းက သုဇာတာ သူဌေးသမီး ကယ်သူကို ဆုတောင်းတယ်၊ ကယ်သူကို ဆုတောင်းတာတွေလဲ အများကြီးပါ။

## စန္ဒကုမာရ

တို့ ဟိုစန္ဒကုမာရဇာတ်မှာ ခန္ဒာဟာလပုဏ္ဏား ယုတ်မာတဲ့ ပုဏ္ဏား စန္ဒကုမာရ မင်းသားနဲ့တကွ မင်းသားလေးယောက် မင်းသမီး လေးယောက် မိဖုရား လေးယောက် သူဌေး လေးယောက် ယဇ်နတ် ပူဇော်မယ်လို့ ယဇ်တွင်း ရောက်နေပြီး စန္ဒကုမာရမင်းသား ယဇ်တွင်းမှာ လည်ပင်းကို တခါတည်း သံလျက်နဲ့ ဖြတ်ပြီးတော့ လည်ချောင်းသွေးနဲ့ ယဇ်နတ်ပူဇော် မယ်ပေါ့လေ၊ သံလျက်မိုးလို့ အဲဒီနေရာမှာ ဘယ်သူမှမကယ် နိုင်ဘူး၊ အဲဒီမှာ စန္ဒာဒေဝီ မိဖုရားကြီးဟာ ခုနပြောတဲ့ စန္ဒ ကုမာရ မင်းသားရဲ့ မိဖုရားပေါ့၊ စန္ဒာဒေဝီ မိဖုရားက သစ္စာ ဆိုလိုက်တယ်၊ငါတို့သည် သီလအာစာရနဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်၊ သို့အတွက်ကြောင့် နတ်ကောင်း နတ်မြတ်များ ကယ်မပါစေ သတည်းလို့ ဆိုလိုက်တော့ သိကြားမင်း ဆင်း လာပြီး ဟော့ ခန္ဒာဟာလ ပုဏ္ဏား နင် မိုက်လှချည်လားလို့ ကောင်းကင်က ကြိမ်းမောင်းလိုက်တော့ အဲဒီမှာ တိုင်းသူ ပြည်သားတွေ အုတ်အုတ်ကျက်ကျက် ဖြစ်ပြီးတော့ ပုဏ္ဏားကို ခဲအုတ် ကျောက်တွေနဲ့ ဝိုင်းပေါက်ကြတာ ခန္ဒာဟာလပုဏ္ဏား စင်းစင်း သေရော၊ ပြီးတော့ ရှင်ဘုရင်ကို တခါဝိုင်းတော့ကာ စန္ဒကုမာရ မင်းသားက ဘုရားအလောင်းဘဲ သူ့အဖေကို သူက တခါတည်း ဖက်ထားတယ်၊ ငါ့အဖေတော့ မလုပ်ပါနဲ့ ဆိုတော့ ကောင်းပြီ အသင်မင်းမြတ် အသင့်အဖေကို မလုပ်

စေချင်လျှင် အခု မင်းမြှောက်တန်ဆာ ငါးပါး ချွတ်တဲ့ ဆိုတော့ မင်းမြှောက် တန်ဆာ ငါးပါးကို ဆွဲချွတ်တယ်၊ ချွတ်ပြီးတော့ တိုင်းပြည်မှာ မထားနဲ့တဲ့၊ အေးကွယ် မင်းတို့ သဘောအတိုင်း ငါလိုက်နာပါ့မယ် စန္ဒကုမာရမင်းသားက အဲဒီမှာ ဖအေလုပ်တဲ့လူကို နှုတ်ဆက်ပိုင်း ဆီးပေးပြီးတော့ သူက ဘုရားလောင်း မိဘရှိသေတဲ့ ပုဂ္ဂိုလ်ဘဲ ဘယ်မှာထားရသလဲ ဆိုတော့ စဏ္ဍာလတွေအထဲမှာ လူမသိအောင် တိတ်တိတ် ဝှက်ထားရတယ်၊ စဏ္ဍာလတွေထဲမှာထားပြီးတော့ လုပ်ကျွေး ရတယ်၊ အဲဒါ ကယ်သူကို တောင့်တတဲ့ သစ္စာဆိုခြင်းဘဲ၊ ဒါ ကြောင့် တို့ဒီမှာ သစ္စာအဆိုခိုင်းတာလဲဘဲ ကယ်သူကို အမြဲ တောင့်တပြီးတော့ ကယ်သူ ပေါ်ပေါက်ပါစေဆိုပြီး အဲဒီလို အမြဲသစ္စာဆိုတာ။

သစ္စာဆိုတဲ့ ကျေးဇူးဟာ ကြီးပါတယ်၊ဒါသာမည်နဲ့တော့ မရဘူး၊ မေတ္တာခေါ်တယ်၊ မေတ္တာတရားနဲ့ အလုံးစုံရှိသမျှ သတ္တဝါ ခုနစ်ရက်သားသမီး ဝေနေယျအပေါင်းတို့ ချမ်းသာ ပါစေဆိုတဲ့ မေတ္တာစေတ်ဟာ သာမည်မမှတ်နဲ့ အင်မတန် ကြီးကျယ်တဲ့ မေတ္တာ၊မေတ္တာတန်ခိုး ဘယ်လောက်ကြီးသလဲ။

ချမ်းသာသုံးမျိုး၊ အိပ်နိုးအိပ်မက်၊ ချစ်လျက်လူနတ်၊
စောင့်လတ် နတ်များ၊ မီးကားမလောင်၊ ဆိပ်ရှောင်
မသင့်၊ လက်နက်ဖြင့်ပ၊ မစူးရှတည့်၊မျက်နှာကြည်ပေ၊

> မတွေ့မဝေ၊ သေရသည်ဆို၊ မဂ်ဖိုလ်မရ၊ ရှိပြန်ကသော်၊ လားရပြဟ္မာ့ပြည်၊ ဆဲ့တလီ။ ။ပွားသည် မေတ္တာ အကျိုးတည်း။

မေတ္တာ အကျိုးဟာ ဆဲ့တပါးရှိတယ်၊ ဒိဋ္ဌဓမ္မ မျက်မှောက်မှာ အကျိုးပေးတယ်၊ အခု တို့ဒကာ ဒကာမတွေက အမှတ်တမဲ့ဆိုတာ တို့အကျိုးမရှိဘူးလို့ ထင်ချင်ထင်နေမှာ ဒီလို ခုနစ်ရက် သားသမီးတွေ ချမ်းသာပါစေဆိုပြီး တကယ့် သဒ္ဓါ မေတ္တာတရားနဲ့ ထားပြီးတော့ဆိုတဲ့ သစ္စာတရားဟာ ဘယ်လောက် ကြီးသလဲ ချမ်းသာစွာ အိပ်ရမယ်၊ ချမ်းသာစွာနိုးရမယ်၊ ကောင်းသောအိပ်မက်ကိုသာ မြင်မက်ရမယ်၊ နတ်များ အမြဲချစ်ခင်မြတ်နိုးတယ်၊ ဟောလူလဲ အင်မတန် ချစ်မြတ်နိုးတယ်၊ နတ်တွေအမြဲစောင့်ရှောက်တယ်၊ မီးမလောင်နိုင်ဘူး လက်နက် မစူးရှနိုင်ဘူး၊ပြီးတော့ မျက်နှာအင်မတန် ကြည်လင်တယ်၊ သေလို့ရှိရင်လဲ မတွေ့မဝေ သေရမယ်၊ မဂ်ဖိုလ် မရလို့ရှိရင်လဲ ပြဟ္မာပြည်တော့ မလွဲတမ်း လားနိုင်တယ်၊ အဲဒီအထိ တန်ခိုးရှိတာ၊အဲတာလောက် အဘိုးအနဂ္ဃထိုက်တန်တဲ့ မေတ္တာ ဓာတ်ဟာ အခုဘုန်းကြီးက မေတ္တာတရားနဲ့ ဒကာဒကာမတွေကို သတိတရားရအောင် အမျှဝေခြင်း မေတ္တာ ပို့ခြင်းများ ပြုခိုင်းတာ ဘုရားကိုယ်တော်တိုင် ဟောတဲ့တရားတွေ အမျှဝေတယ်ဆိုတာလဲ သိကြအောင်မင်းကိုယ်တိုင် ဘုရားကို လျှောက်ထားတယ်။

အရှင်ဘုရား– အရှင်ဘုရား တပည့်သားတွေ ကုသိုလ်ကောင်းမှု ပြုတိုင်း ပြုတိုင်း တပည့်တော်တို့ နတ်တွေကိုလဲ အမျှဝေပါဘုရား၊ တပည့်တော်တို့မှာ လက်ကိုင်မိမိ ဒါန ပြုနိုင်တဲ့ကာလ မရှိပါဘူး၊ အရှင်ဘုရား တပည့်သားတွေမှ ကုသိုလ်ကောင်းမှုကို ထိထိခိုက်ခိုက် ပြုနိုင်ပါတယ်၊ ထိုသူတို့၏ ပြုရတဲ့ကုသိုလ်တရားကို တပည့်တော်တို့ ပတ္တာအနုမောဒနာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရအောင် သာဓုခေါ်ရအောင် အမျှပေးဝေပါစေ ဘုရားလို့ မြတ်စွာဘုရားကို လျှောက်ထားတယ်၊ အဲဒီတော့မှ မြတ်စွာဘုရားကသူ၏တပည့်သားတွေကို ခေါ်ပြီးတော့ သင်တို့ ကုသိုလ် ပြုတိုင်းပြုတိုင်း အမျှဝေကြပါလို့ ဘုရားကိုယ်တော်မြတ် အဲဒီလို ဆုံးမဩဝါဒပေးခဲ့တယ်။

ဒါကြောင့်မို့လို့ တို့ဒီမှာ မေတ္တာတရားကို အရေးထားပြီးတော့ နေ့တိုင်း နေ့တိုင်းလဲ ရေစက်ချရတယ်၊ မိမိတို့ အမျှအတန်းဝေရတယ်၊ ပြီးတော့မေတ္တာပို့ ခုနတုန်းကသစ္စာဆိုတာမေတ္တာပို့တာပေါ့၊အဲဒါ လောကီစီးပွား လောကုတ္တရာ စီးပွားနှစ်မျိုးရတယ်၊ ပစ္စုပ္ပန်၏ အကျိုး စီးပွားလဲ ဖြစ်နိုင်တယ်၊ သံသရာနေ့ဘေးရေးဘေးကိုလဲလွတ်စေနိုင်တယ်၊ဒီဘဝသာသနာအတွင်းမှာ တကယ် နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ ဝိပဿနာတရား ရုပ်နာမ် တရားတို့ကို ကိုယ်တိုင်ကိုယ်ပိုင်ဉာဏ်နဲ့တကယ်သိရင် တဘဝ နှစ်ဘဝထက် မလွန်ဘဲ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို

ကေန် မလွဲတမ်း ရတယ်ဆိုတဲ့ ယုံကြည်တဲ့ သဒ္ဓါတရားလေး ထားပြီးတော့ အိပ်ရင်လဲသတိ, ထရင်လဲသတိ, သွားရင်လဲ သတိ, နေရင်လဲသတိ, အခါခပ်သိမ်း သတိကို ထားပြီးတော့ ဖြစ်ပျက်ကို မမေ့ဘဲ တပါးကိလေသာအာရုံ မဝင်အောင်ပေါ့၊ တပါးသော အာရုံမဝင်စေဘဲ ဝိပဿနာ တရားကိုသာလျှင် အမြဲတမ်း ဆင်ခြင်ပြီးတော့ နိဗ္ဗာန်ရောက်ကြောင်း ဖြစ်တဲ့ တရားကို ငါတို့ လေးလေးစားစားနဲ့ အားထုတ်မယ်လို့ နှလုံး သွင်းကြ၊ အဲအခု ဘုန်းကြီးက သစ္စာဆိုတဲ့ အကြောင်းဝတ္ထု ကြောင်းတွေကိုလဲ ပြောပြခဲ့ပြီ၊ ဒါကြောင့် ရေစက်ချ အမျှဝေ ပြီးတဲ့အခါ ဆက်ပြီးတော့ သစ္စာဆိုတဲ့-

ဤသို့ အကျွန်ုပ်တို့ အားထုတ်ရသော သီလ, သမာဓိ, ပညာ, သိက္ခာသုံးပါး သာသနာသုံးရပ် အကျင့်မြတ်၏ ကုသိုလ်သည် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း ဟူ၍ ယုံကြည်ပါ၏။ ယုံကြည်သည်ကား မှန်ပါ၏၊ မှန်သော သစ္စာ စကားကြောင့် ယခုအခါ ကျရောက်ဆဲ ဖြစ်သော ရန်သူမျိုး ငါးပါး ကပ်ကြီးသုံးပါး ဘေးဆိုးကြီးမှ ၇-ရက် သားသမီး တို့၌ အမြန်ဆုံး ကင်းဝေးအောင် ကာကွယ်ကြည့်ရှု စောင့် ရှောက်မည့် ပုဂ္ဂိုလ် ပေါ်ပေါက်ပါစေသတည်း။

---

# ဝိပဿနာ ကမ္မဋ္ဌာန်း တရားတော်ပြ
# မြန်မာ–ကဗျာများ

၁။ ပျော်ဘွယ်သာစွ–ဌာနဗိမာန်,
ဆရာသက်၏–ဓမ္မစကားမှန်၊
ခုနစ်ရက်နှင့်–ဖြစ်,ပျက်,သိပြန်,
မဂ္ဂင်လမ်း–ဖြောင့်တန်း ဝေကန်။

၂။ အာနာပါန–သမထမှန်,
အဝင်အထွက်–မပျက်ရှုရန်၊
သုံးရက်ထပ်ပွား–မှတ်သားကြန်,
နိမိတ်များ–ထင်ရှားပေါ်လာပြန်။

၃။ လေးရက်အကူး–အထူးထပ်မံ,
ဘာဝနာလမ်း–စခန်းတက်ပြန်၊
နာမ်နှင့်ရုပ်များ–ဖွားဖွားပျက်ဟန်,
ကိုယ်တိုင်သိ–ဉာဏ်မိဝေကန်။

၄။ အသိခက်ခဲ–နက်နဲရုပ်နာမ်,
လှုပ်လှုပ်ရွရွ–ပေါ်ထအမှန်၊
နူ,မာ,ဖွဲ့,စေး–ပူ,ေအေးထောက်ကန်,
ဓာတ်လေးရပ်–အတတ်သိရပြန်။

သားသန်းဆောင်ဘွဲ့အားပြိုင်ပွဲရေးဦးစီးဌာန
စာကြည့်တိုက်
၃၄ ကမ္ဘာ့အေး - ရန်ကုန်

မြန်မာ့-ကဗျာများ

၅။ ကိုယ်တိုင်သိဘို-အမိကမှန်,
ကျမ်းဂန်နှင့်ဟပ်-အတတ်ကေန်၊
လုပ်ငန်းဖြောင့်လို-လမ်းဖြောင့်သိပြန်,
သံဃာပေါင်း-အကြောင်းသက်သေခံ။

၆။ ရှရှသဲသဲ-မစဲခဏာ,
ဥပါဒ်စွန်းနှင့်-ဘင်စွန်းနှစ်ဖြာ၊
ရှိန်ရှိန်သုတ်သုတ်-သိမ့်သိမ့်လှုပ်ကာ,
တဖွားဖွား-ထင်ရှားကိုယ်ခန္ဓာ။

၇။ ဝေဒနာခံခက်-ဒဏ်ချက်ပြင်းစွာ,
အပ်နှင့်ထိုးဆွ-ရိုးရှခန္ဓာ၊
စေ့စေ့ဉာဏ်စိုက်-ဆူလိုက်တုန်လာ,
အနိစ္စ-ဒိဋ္ဌမြင်မည်သာ။

၈။ အပြောမဟုတ်-အလုပ်ဝင်ပါ,
ကိုယ်တိုင်ကြည့်ရှု-သိမှုပေါ်လာ၊
လေးရက်အတွင်း-ပွင့်လင်းဉာဏ်မှာ,
ရှရှရှိန်း-သိမ်းသိမ်းကိုယ်ခန္ဓာ။

၉။ သာသနာရေး-အားပေးကြရာ,
လိုရင်းချုပ်က-အလုပ်မှသာ၊

ဆန္ဒတူချင်း–ဂူတွင်းဝင်ပါ၊
ပဋိပတ်–မပြတ်အားထုတ်ကာ။

၁၀။ ဤစာဘတ်ကြား–ထပ်ပွားသဒ္ဓါ၊
ဘာဝနာလမ်း–ကြိုးပမ်းစေငှာ၊
ခေတ်ကောင်းကြုံကြိုက်–အားစိုက်ကြပါ၊
လိုတိုင်းရ–ဘဝ ပဒေသာ။

---

# ရှစ်လုံးဘွဲ့ မြန်မာ ကဗျာ

နိဗ္ဗာန် ဝင်လမ်း–မြင်စမ်း ကြပါ၊
မမြင် ကန်းလို့–ပင်ပန်း ရတာ။
မြင်ချင် ပါက–လာကြ ဟံသာ၊
မျက်မြင်ဆေး–ပေးတဲ့ အရှင် ဂန္ဓမာ။

ဗုဒ္ဓသာသနာပဋိပတ္တိသာသနာပြု အဖွဲ့ချုပ်ကြီး၏သြဝါဒါစရိယ မဟာနာယက ဖြစ်တော် မူသော သက်တော် ၇၄–နှစ်၊ သိက္ခာတော် (၅၄)ဝါရ ကျေးဇူးရှင် ရှမ်းရွာစင်ပြွမ်းကုန်း ဆရာတော် ဘုရားကြီးသည် ရန်ကုန်မြို့ ဟံသာဝတီ ကွက်သစ် ဟံသာဝတီ ကမ္မဋ္ဌာန်း ကျောင်းတိုက်၌ နေ့စဉ် နံနက် (၇) နာရီခွဲမှ (၈) နာရီခွဲ အထိ၊ ညနေ (၃) နာရီခွဲမှ (၄) နာရီခွဲ အထိ၊ ကိုယ်တွေ့ဉာဏ်မြင် ဝိပဿနာ တရားများကို ၁၃၂၁ – ခုနှစ်၊ တော်သလင်းလဆန်း (၉)ရက် (၁၀–၉–၅၉) နေ့အထိ၊ ညွှန်ပြဟောပြောဆုံးမပြီး အုပ်ချုပ်တော်မူခဲ့လေသည်။

နိဗ္ဗာန်ဝင်လမ်း (၇) ရက်စခန်း ဒု-တ-စ-မ နှင့် ဟံသာဝတီ ဟောစဉ် (၁) (၂) (၃)ကို ဆက်ဘတ်ပါ။

ဗုဒ္ဓသာသနာ ပဋိပတ္တိ သာသနာပြု အဖွဲ့ချုပ်ကြီး

စိရံတိဋ္ဌတု
သဒ္ဓမ္မော
၁၃၀၇-ခု
တည်ထောင်သည်

★ ရန်ကုန်မြို့ ★

ဗုဒ္ဓသာသန ပဋိပတ္တိ သာသနာပြု အဖွဲ့ချုပ်ကြီး၏

ရံပုံငွေအတွက် ပုံနှိပ်ထုတ်ဝေသည်။

တတိယ နှိပ်ခြင်း အုပ်ရေ - ၅၀၀၀။